# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပပြုလုပ်

## ပြည်တွင်းပြည်ပမှ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများအပေါ် များစွာအထောက်အကူဖြစ်

**နေပြည်တော် မေ ၂၉**

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ်စရာ**

**ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော Tent များ လွှဲပြောင်းပေးအပ်** — ပြည်တွင်းသတင်း စာ ၇

**ပညာသည်သာရတနာ လေ့လာမှတ်သားသင်ယူပါ** — ဆောင်းပါး စာ ၁၀

**ကနေဒါက အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် လက်ခံပါက ဒုံးပျံကာကွယ်ရေးစနစ်သစ်ဖြင့် အခမဲ့ကာကွယ်ပေးမည်ဟု ထရမ့် မက်လုံးပေး** — နိုင်ငံတကာသတင်း စာ ၁၄

❑ *ရှေ့ဖုံးမှ*

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်**

ဦးစွာ အခမ်းအနားအစီအစဉ်အရ မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားခဲ့ရမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှစေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများက မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၀)ခုတွင် ထိခိုက်မှုရှိခဲ့ပြီး (၆)ခုတွင် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရကြောင်း၊ ထိုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြခြင်းဖြစ်သည့်အတွက် ယနေ့အခမ်းအနားသည် မင်္ဂလာရှိသည့်အခမ်းအနားပင်ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုများအနေဖြင့် နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ်များအတွင်း၌လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်(၈)ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦး တစ်ယောက်ချင်းစီနှင့် မိသားစုများ၌လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း။

- ❖ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုလိုအပ်သောကြောင့် တပ်မတော်အနေဖြင့် ဧပြီ ၂ ရက်မှစပြီး ယခုမေလကုန်အထိ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထား**
- ❖ **ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ်ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန်တိုက်တွန်းလို**

**အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ**

ငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်(၁၀)ခုတွင် ရှိသည့် ရပ်ကွက် ၃၇၄ ခု ကျေးရွာအုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇ စု၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦးရှိကြောင်း။

နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် အလုံး ၅၁၂၁၀၊ လမ်းလုပ်ငန်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ၆ ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ဈေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိကစာသင်ကျောင်း ၉၀၊ ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့်အခြားဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်အကောင် ၁၃၃၇၀၀ ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံဖြစ်ကြောင်း။

**ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး**

မတ်လ ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်၌ ငလျင်ဘေးသင့်ဒေသများနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံ၌ ကုသပေးနေမှုများကို မိမိကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်မှာ ယနေ့အထိ စုစုပေါင်း ၁၅ ကြိမ်ရှိခဲ့ပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် စီမံလမ်းညွှန်မှုများပေးခဲ့ကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း အဆင့် (၅) ဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအင်အားစုများ အပြည့်အဝပါဝင်ခဲ့ကြကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ လာရောက်ကူညီကြသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူ ၆၅၃ ဦးကို အသက်ရှင်လျက်ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦးကို ဖော်ထုတ်ရှာဖွေပေးနိုင်ခဲ့ကြောင်း။

ငလျင်ဘေးတုံ့ပြန်ရေး ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ

*စာမျက်နှာ ၄ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Manage– ment Centre– DMC) ကို ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉)ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင်ရှိသည့် လုပ်ငန်းကော်မတီများအလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘေးသင့်ပြည်သူများအတွက် လတ်တလော ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဈေးကားဖြင့် လှည့်လည်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးမကျမီ ယာယီအမိုးအကာအောက်ရောက်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယာယီကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ပြီး ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့တုံ့ပြန်မှုများ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ AHA Centre၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် အလှူပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများတွင်ရှိသည့် လိုအပ်နေသည့် ပြည်သူများထံသို့ အချိန်မဆိုင်းဘဲ ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီး ပြည်နယ်များ၌ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ် ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အပျက်အစီးများရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် တစ်နိုင်ငံလုံးရှိပြည်သူများ စိတ်ထိခိုက်ခံစားနေရသည့်အပြင် ပြန်လည်ထူထောင်**ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှု လိုအပ်သောကြောင့် တပ်မတော်အနေဖြင့် ဧပြီ ၂ ရက်မှစပြီး ယခုမေလကုန်အထိ ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ်ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်းစဉ်းစားပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်ခဲ့မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ထက် ခုနစ်ဆခန့် လျှော့နည်းသက်သာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလိုကြောင်း။**

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထံ မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်ထိရောက်အောင်မြင်နိုင်မည်**

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ ငလျင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဧပြီ ၁ ရက်နေ့ **ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ** အခမ်းအနားတွင် ပြည်တွင်းပြည်ပစေတနာရှင်၊ အလှူရှင်များက ကျပ်ငွေ ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ချင်းစာတရားကြီးမားကြသူများဖြစ်ပြီး ဆင်းရဲဒုက္ခကို ထပ်တူထပ်မျှ ခံစားကာ အမြဲရိုင်းပင်းကူညီတတ်ကြသူများဖြစ်ကြောင်း၊ ထို့အပြင် အလှူအတန်းတွင်လည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလေ့ရှိသူများဖြစ်ကြောင်း။

ပြည်တွင်းပြည်ပမှ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများအပေါ် များစွာအထောက်အကူဖြစ်စေကြောင်း၊ **ချစ်ကြည်ရင်းနှီးမှုနှင့် ဘေးသင့်သူများအတွက် စိတ်ခွန်အားများကိုပါ ရရှိစေခဲ့ကြောင်း**၊ ထို့ကြောင့် အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် ငလျင်ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများသည် **"မြေငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်၊ မွန်မြတ်သည့် ဂုဏ်ဒြပ်"** မှတ်တမ်း Video ကို အတူတကွ ကြည့်ရှုကြသည်။

**အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ လာအိုနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်၊ အလှူရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအနေဖြင့် အိမ်ခန်း ၁၆ ခန်းပါ ၄ ခန်းတွဲ ၄ ထပ်တိုက် အဆောက်အအုံ တစ်လုံးလျှင် ငွေကျပ်သိန်း ၂၀၀၀၀ နှုန်းဖြင့် အလုံးပေါင်း ၅၁ လုံး အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၃၁၄၉၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့နှင့် အဖျောက်မြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်မြေစံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ တော်လတီကျေးရွာအုပ်စု ခမ္မိတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူလစာတော်ပြန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး (၃/၂၀၂၅) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၉

**လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ (၃/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။**




ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း အခြေခံအဆောက်အအုံ(Infrastructure) အချို့ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့မှုကို အချိန်တိုအတွင်း ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆောင်ရွက်ပေးခဲ့ကြသည့် လျှပ်စစ်ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေနှင့်လည်း လက်ရှိထုတ်လုပ်ဆဲ ရေနံမြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရန် ပုံမှန်ဆောင်ရွက်နေကျ နည်းလမ်းများအပြင် အေအိုင် (AI)၊ Water Flooding နှင့် Hydraulic Fracturing ကဲ့သို့ နည်းပညာများ အသုံးပြုနိုင်ရန် ကြိုးပမ်းနေကြောင်း၊ Standard Well စနစ် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသည်များအပြင် ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း ဆောလျင်စွာ စတင်နိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေနှင့် အဖျောက်သဘာဝဓာတ်ငွေ့မြေနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများရှိ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ရာ နေ့စဉ်သဘာဝဓာတ်ငွေ့နှင့် ရေနံများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုလို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိသူအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက Academic Institution များနှင့် Oil and Gas Industry တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ကျင့်သုံးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရသည်ဖြစ်၍ ဥပဒေမူဘောင်ခိုင်မာရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စာချုပ်များ ချုပ်ဆိုရာတွင် နိုင်ငံတော်အနေနှင့် နစ်နာမှုမရှိစေရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးနိုင်ပြီး လက်ရှိကာလနှင့် လိုက်လျောညီထွေဖြစ်အောင်ဆောင်ရွက်ပေးရန်၊ ဌာနများ၏ လုပ်ထုံးလုပ်နည်းများတွင်လည်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် နှောင့်နှေးကြန့်ကြာမှုရှိနိုင်သည်များကို စိစစ်သုံးသပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်သူများအနေဖြင့် ဓာတ်အားသုံးစွဲရာတွင် အဆင်ပြေပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ အရည်အသွေးကောင်းမွန် စိတ်ချရစေရေး၊ တာရှည်ခံနိုင်စေရေးနှင့် ပတ်ဝန်းကျင်အန္တရာယ်မဖြစ်စေရေးတို့အတွက် တင်သွင်းရောင်းချတပ်ဆင်ကိုင်တွယ်သုံးစွဲခြင်း၊ လုပ်ထုံးလုပ်နည်း ဥပဒေ(SOP)ကို အမြန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍လည်း ကမ်းလွန်စီမံကိန်းအသစ်များသည် နိုင်ငံတော်၏ အနာဂတ်စွမ်းအင်ကဏ္ဍအတွက် အရေးပါသည့် စီမံကိန်းများဖြစ်၍ သတ်မှတ်ထားသည့် Timeline များအတိုင်း တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းများ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများရှိပါက ဆောလျင်စွာ တင်ပြသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ သန်လျင်ရေနံချက်စက်ရုံ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအပါအဝင် ရေနံဓာတုဗေဒစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပိုက်လိုင်းကွန်ရက်အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သဘာဝဓာတ်ငွေ့ အသုံးပြုသည့်စက်များ၊ ပစ္စည်းကိရိယာ (Machinery and Equipment)များ၏ စွမ်းရည်(Efficiency) တိုးမြှင့်လာရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း/စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကော်မရှင်အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ကော်မရှင်အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များက လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးချက်များကို တင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး မြေနေရာလိုအပ်ချက်ကို အလွယ်တကူရွေးချယ်အသုံးချနိုင်ရေးအတွက် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီမံကိန်းဆောင်ရွက်နိုင်သည့်မြေနေရာများတွင် စီမံကိန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသည့် လုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံလိုသူများလာရောက်ပါက လိုအပ်သည်များကို ပံ့ပိုးကူညီပေးစေလိုပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကာလလတ်/ကာလရှည် စီမံကိန်းများအဖြစ် အကောင်အထည်ဖော်စီမံဆောင်ရွက်သွားရမည်ဖြစ်ရာ နည်းပညာပိုင်းနှင့် စာချုပ်စာတမ်းပိုင်းများတွင် အားနည်းချက်များလိုအပ်ချက်များ မရှိစေရအောင် ယခုကတည်းက သက်ဆိုင်ရာ ဝါရင့်ဥပဒေပညာရှင်များ၊ နည်းပညာရှင်များနှင့် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံများကို အနီးဝန်းကျင်နှင့် ဆက်စပ်မြေနေရာများတွင် တည်ဆောက်ကြပြီး ဓာတ်အားရယူသုံးစွဲနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက စီမံဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သဘာဝဓာတ်ငွေ့သုံးစွဲမှုအပိုင်းတွင် ပိုက်လိုင်းစနစ်များ၊ စက်ပစ္စည်းများ သုံးစွဲမှုကာလ ကြာမြင့်မှုများကြောင့် စွမ်းရည်ကျဆင်းမှု၊ ပျက်စီးမှု၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရေးကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၁-၅-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၂၂)တွင် အလုပ်ကို ပင်ပန်းကြီးစွာလုပ်၍ အစားကို ခွျေတာစားကာ ကောင်းမှုကုသိုလ် ပြုလုပ်ရန် စုဆောင်းမှုပြုခဲ့သော ဘကြီးရွှေအကြောင်းကို သရုပ်ဖော်ထားသည့် “ဘကြီးရွှေရဲ့ ဆန္ဒ” မျက်နှာဖုံးကာတွန်း၊ ဆေးလိပ်ကြောင့် ဖြစ်စေတတ်သည့် ရောဂါများအကြောင်းကို ရေးဖွဲ့ထားသည့်“ဆေးလိပ်သောက်ခြင်းရဲ့ ကျန်းမာရေးဆိုးကျိုးများ” သုတဆောင်းပါးကဏ္ဍ၊ ပစ္စည်းများကို မနိုင်မနင်း သယ်လာသည့် အဘိုးကို ကူညီပေးခဲ့၍ မုန့်များစားခဲ့ရသော ချက်စူအကြောင်းကို သရုပ်ဖော်ထားသည့် “ချက်စူရဲ့ ကူညီစိတ်လေးထားကြမယ်” နှစ်မျက်နှာကာတွန်း၊ မိမိကိုယ်မိမိ စွမ်းဆောင်နိုင်သူဟု ဘဝင်မြင့်မိ၍ အသက်ဘေးနှင့် ကြုံတွေ့ခဲ့ရသည့် ကြက်ဖအကြောင်းကို ရေးသားထားသည့် “ဘဝင်မြင့်တဲ့ကြက်ဖရဲ့ နောင်တ” ပုံပြင်ကဏ္ဍ၊ သူတစ်ပါး ပုံးထဲမှ ငါးကို နှိုက်ရာမှ ကဏန်းညှပ်ခံခဲ့ရသော ဖိုးထူးအကြောင်းကို သရုပ်ဖော်ထားသည့် “မှတ်ထား” တစ်မျက်နှာကာတွန်း၊ ငလျင်ဘေးနှင့် ကြုံတွေ့ခဲ့ရသော်လည်း မိဘများ၏ သွန်သင်ဆုံးမထားမှုအတိုင်း ငလျင်အန္တရာယ် ကာကွယ်နည်းများကို အသုံးပြုခဲ့သည့် ပြည့်စုံသာအကြောင်းကို ရေးသားထားသည့် “အထွတ်အထိပ်က မေတ္တာ” ဝတ္ထုကဏ္ဍ၊ ကျောင်းမှန်မှန်တက်ကာ မိမိနားမလည်သည့် အကြောင်းအရာများကို ဆရာ ဆရာမများအား မေးမြန်းပါက သင်ခန်းစာများကို လေ့လာရာ၌ အခက်အခဲမတွေ့နိုင်ကြောင်းကို သရုပ်ဖော်ထားသည့် “ပုတို၏ နောင်တ” နှစ်မျက်နှာကာတွန်း၊ အခက်အခဲများကြားမှ ကျောင်းထားပေးသော မိဘများအကြောင်းကို သိရှိကာ အသိတရားရရှိပြီး စာကြိုးစားတော့မည့် ဂျာရစ်အကြောင်းကို သရုပ်ဖော်ထားသည့် “ဂျာရစ်” နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းငှားရမ်းထားသူက အခြားသူတစ်ဦးနှင့် အတူတွဲနေထိုင်နိုင်ရန် ဆွေးနွေးပြောဆိုပုံကို ပုံစံအမျိုးမျိုးဖြင့် လေ့လာနိုင်မည့် “ရွှေသွေး စကားဝိုင်း” အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့ လက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ကျပ် ၄၀၀ ဖြင့် စာပေဗိမာန်




စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ

## နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် Mr. Sajjad Mohammad Sajid အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOCHA တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် UNOCHA မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းအပ်နှံနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဖွင့်ချိန်အမီဆောင်ရွက်နေသည့် ယာယီစာသင်ဆောင်များ၊ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ မီးရထားရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ (ရွာထောင်)အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ (ချင်းစု) အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ်(၁)၏ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေကြသည့် ကျောင်းသား ကျောင်းသူများနှင့်ကျောင်းသားမိဘများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ကျောင်းဖွင့်ချိန်အမီ ယာယီစာသင်ဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းအတွင်း ပြင်ဆင်ထားရှိမှု၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ အနုပညာ၊ ကာယပညာနှင့် စာကြည့်တိုက်အပါဝင် ဘာသာရပ်အလိုက် စာသင်ချိန်သတ်မှတ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်တို့သို့ သွားရောက်၍ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံဆောင်ရွက်နေမှုအခြေအနေ၊ ကျောင်းဖွင့်ချိန်မီ သင်ကြား၊သင်ယူမှုအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(အမှတ်၂၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ မန္တလေးပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ် အုန်းချောအခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ(**အပေါ်ဝဲပုံ**)ကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို ဖြည်းဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော Tent များ လွှဲပြောင်းပေးအပ်



**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော Tent များ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းမှ Country Representative Mr. Finbarr Sweeney က Tent 200 Pcs ကို လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ အသင်းအလုပ်အမှုဆောင်နှင့်အတူ လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းမှ Ms. Celine Charbel နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လှူဒါန်းပစ္စည်းများကို ငလျင်ဘေးသင့်ပြည်သူများ လက်ဝယ်သို့ ရောက်ရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်စီမံကိန်းအသစ် "မင်းရဲသူ" စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် မေ ၂၉**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံအခြေစိုက် ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်သော Gulf Petroleum Myanmar Co., Ltd. တို့အကြား မုတ္တမကမ်းလွန်လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract–PSC) လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ/ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Gulf Petroleum Myanmar Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် သဘာဝဓာတ်ငွေ့သိုက်များ အတန်အသင့်ရှိရာ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီးများသည် သဘာဝအလျောက် ထုတ်လုပ်မှုများကျဆင်းလာနေပြီး စီမံကိန်းပြီးဆုံးမည့်ကာလများလည်း နီးကပ်လာသဖြင့် အလားအလာကောင်းများရှိသည့် လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ မုတ္တမကမ်းလွန်လုပ်ကွက် (M–10) (မင်းရဲသူစီမံကိန်း) အား အောင်မြင်စွာလက်မှတ်ရေးထိုး ချုပ်ဆိုဆောင်ရွက်နိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယခုလိုဆောင်ရွက်ခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ငွေကြေးထည့်ဝင်မှု အားကောင်းလာခြင်း၊ နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်ဖြစ်သည့် ၂၀၂၈ ခုနှစ်အတွင်း ပထမဆုံး သဘာဝဓာတ်ငွေ့ စတင်ထုတ်ယူနိုင်ရေး အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ Gulf Petroleum Myanmar Co., Ltd. မှ ဝန်ထမ်းများ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Gulf Petroleum Myanmar Co., Ltd. မှ အမှုဆောင်အရာရှိချုပ်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Gulf Petroleum Myanmar Co., Ltd. အမှုဆောင်အရာရှိချုပ်တို့က မုတ္တမကမ်းလွန်လုပ်ကွက် (M–10) (မင်းရဲသူစီမံကိန်း)အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို လက်မှတ်ရေးထိုးချုပ်ဆိုကာ (ဝဲပုံ) မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်အနေဖြင့် လက်ရှိအချိန်အထိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရတနာ၊ ရဲတံခွန်၊ ဇောတိက၊ ရွှေကမ်းလွန်စီမံကိန်းကြီးလေးခု၊ ထပ်မံ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီးနှစ်ခု စုစုပေါင်း ကမ်းလွန်စီမံကိန်းကြီး ခြောက်ခုရှိပြီးဖြစ်သဖြင့် ယခုမုတ္တမကမ်းလွန် လုပ်ကွက် (M–10)(မင်းရဲသူစီမံကိန်း) သည် နိုင်ငံတော်၏ သတ္တမမြောက် ကမ်းလွန်စီမံကိန်းကြီး ဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကမ်းလွန်စီမံကိန်းတစ်ခုလည်းဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရန်အောင်မြင်ဆည်နှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အမျိုးသား ပရဆေးဥယျာဉ်သို့ သွားရောက်ပြီး ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ မိုးရာသီတွင် ဆေးဖက်ဝင်အပင်များ တိုးချဲ့စိုက်ပျိုးမည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ ပရဆေးဥယျာဉ်အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အမြဲတမ်း စိမ်းလန်းစိုပြည်သာယာစေရေးဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်သို့သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တမံအောက်ခြေတွင် ရေဝပ်နေသည့်နေရာများ အမြန်ဖောက်ထုတ်နိုင်ရေး၊ လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)သို့ ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ထိခိုက်ပျက်စီးသည့် အစိတ်အပိုင်းများအား စနစ်တကျ ဖယ်ရှားရှင်းလင်းရေးနှင့် ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်၊ စံညွှန်းနှင့်အညီ ပြုပြင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ လုပ်ငန်းဆောင်ရွက်နေသော လုပ်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန်လမ်းပိုင်း)ပေါ်ရှိ တိုးဂိတ်များ လမ်းအသုံးပြုခ ကောက်ခံနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း) ပေါ်ရှိ တိုးဂိတ်များ လမ်းအသုံးပြုခ ကောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း) ပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသော စီလမ်းဆုံတိုးဂိတ်၊ တောင်ငူမီနီတိုးဂိတ်၊ (၁၁၅) မိုင် ဖြူးတိုးဂိတ်၊ ဒရယ်မီးမီနီတိုးဂိတ်၊ ဘောနက်ကြီး မီနီတိုးဂိတ်များသို့ ရောက်ရှိပြီး CCTV Camera၊ ကွန်ပျူတာစနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံနေမှု၊ တိုးဂိတ်အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု၊ နေ့စဉ်ကောက်ခံရရှိမှုကို စာရင်းပြုစုထားရှိမှု၊ လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁/၇)ရှိ အမှတ်(၃) လမ်းဆုံ တိုးဂိတ်သို့ ရောက်ရှိပြီး တိုးဂိတ်အဆောက်အအုံ ကြံ့ခိုင်မှုနှင့် နေ့စဉ် လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ချယ်ဆီးအသင်းသည် အစောပိုင်းပွဲချိန်များတွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ရသည်။ ရေစီဂျိမ်းစ်၊ ဆန်ချိုကိုးဝဲလ်တို့ ဝင်ရောက်လာပြီးနောက် အသင်း၏ ကစားဟန်အချိတ်အဆက်မိလာခဲ့ပြီး အရေးပါသည့်သွင်းဂိုးများ ရယူကာ သမိုင်းဝင်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဖာနန်ဒက်စ်၊ ဂျက်ဆင်၊ ဆန်ချိုနှင့် ကိုင်စီဒိုတို့က သွင်းယူပေးခဲ့သည်။

ချယ်ဆီးအသင်းသည် ကွန်းဖရင့်လိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပသည့် ကလပ်ပြိုင်ပွဲများတွင် ဆုဖလားအားလုံး ဆွတ်ခူးနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ချယ်ဆီးအသင်းသည် ကွန်းဖရင့်လိဂ်ဖလားမတိုင်မီ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်၊ စူပါဖလားနှင့် ကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။

ချယ်ဆီးအသင်းသည် အမေရိကန်နိုင်ငံတွင် မကြာမီကျင်းပတော့မည့် ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ချယ်ဆီးအသင်းသည် ကလပ်ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၇ ရက်တွင် မက္ကဆီကိုကလပ် လီယွန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

# စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ အသင်္ချာရိပ်သာညှော့ခန်းမ၌ ကျင်းပသည်။ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်နှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီထောက်ပံ့ပေးအပ်မှုများအား အချိန်နှင့်တစ်ပြေးညီ စနစ်တကျလက်ဝယ်ရောက်ရှိအောင် စီမံကြီးကြပ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလှူရှင်များအနေဖြင့်လည်း အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအတွက် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းမြို့ရှိ ပြည်သူများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များထံ အလှူရှင် ၁၁၄ ဦးမှ စုစုပေါင်း အလှူငွေကျပ် ၁၅၀၆၃၆၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ (**ယာပုံ**) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေရန်အတွက် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင် အဆောက်အအုံ သုံးဆောင်တည်ဆောက်နေမှု၊ မင်းလမ်းရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ထူပါရုံ၌ ကြံ့ခိုင်ရေးနှင့်ကောင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသည့် တစ်ထပ်ကျောင်းဆောင် တစ်ဆောင်နှင့် ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ တစ်ထပ်ကျောင်းဆောင် နှစ်ဆောင် တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကြပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်ကာလတွင် တည်ဆောက်ပြီးစီးရေး တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် "သကျဓိတာ" သီလရှင်စာသင်တိုက်ကြီးအတွင်းရှိ အဆောက်အအုံများအား မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စက်ယန္တရားကြီးများဖြင့် ပြန်လည်ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# မတူညီသော ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားတတ်စေရန် နိုင်ငံတကာရိုးရာ ယဉ်ကျေးမှုပြပွဲ ပေကျင်းမြို့၌ ကျင်းပ

**ပေကျင်း မေ ၂၉**

ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဘာသာစကားများ၊ ရိုးရာအစားအစာများကို လေ့လာနိုင်ရန်နှင့် မတူညီသောယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားပြီး ညီညွတ်သော လူမှုအသိုက်အဝန်းကို ဖန်တီးတတ်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Communication University of China ၌ ယမန်နေ့က Global Day (နိုင်ငံတကာရိုးရာ ယဉ်ကျေးမှုပြပွဲ) ကို ကျင်းပသည်။



Communication University of China (CUC) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထင်ကရ မီဒီယာနှင့် ဆက်သွယ်ရေး တက္ကသိုလ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံတကာယဉ်ကျေးမှုများနှင့် ထိတွေ့နိုင်စေရန် ရည်ရွယ်၍ နှစ်စဉ် Global Day ကျင်းပလေ့ရှိကြောင်း သိရသည်။

နိုင်ငံအလိုက် အလံ၊ ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်းများကို ပြသခြင်း၊ အာရှ၊ အာဖရိက၊ ဥရောပနှင့် လက်တင်အမေရိက နိုင်ငံများ၏ ထူးခြားသော ယဉ်ကျေးမှု အစဉ်အလာများ ပါဝင်သည့် ပြခန်းများ၊ မြန်မာ၊ တရုတ်၊ ရုရှား၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ အီတလီ၊ အီဂျစ်၊ နိုင်ဂျီးရီးယား၊ လိုက်ဘေးရီးယား အစရှိသော နိုင်ငံများ၏ ရိုးရာအစားအစာ အရောင်းပြခန်းများ၊ နိုင်ငံတကာကျောင်းသားများ၏ ရိုးရာဂီတ၊ အက၊ သီချင်းများဖြင့် ဖျော်ဖြေမှုများ၊ တရုတ်ရိုးရာပန်းချီနှင့် လက်မှုပညာဆိုင်ရာ ပြခန်းများ ပါဝင်ပြသကြသည်။

အဆိုပါ အခမ်းအနားကို Communication University of China (CUC)တွင် ပညာသင်ကြားနေသော နိုင်ငံပေါင်း ၃၀ ကျော်မှ ကျောင်းသား ကျောင်းသူများက ပါဝင်ဆင်နွှဲကြပြီး နိုင်ငံတကာ ကျောင်းသားများအကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ဆက်သွယ်ရေး စွမ်းရည်မြှင့်တင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို အထောက်အကူပြုစေမည် ဖြစ်သည်။

ထို့ပြင် Global Day သည် တရုတ်နိုင်ငံ၏ နိုင်ငံတကာပညာရေး ချိတ်ဆက်မှုများကို အားပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ကျောင်းသားများအတွက် ပျော်ရွှင်ဖွယ်ရာ အတွေ့အကြုံသာမက နိုင်ငံတကာအသိပညာနှင့် လူမှုဆက်ဆံရေး စွမ်းရည်များ တိုးတက်စေသော အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**လင်းလင်း**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၉ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၈ ရက် ညနေ ၅ နာရီမှ မေ ၂၉ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံ Shanghai United Cell Biotechnology Co.,Ltd မှ လှူဒါန်းသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး ၁၀၂ ပုံး (အလေးချိန် ၂ ဒသမ ၀၆၉ တန်) ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် ကာကွယ်ဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မြိတ်ခရိုင်ဘဏ်ခွဲ)မှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

**မြိတ် မေ ၂၉**

မြိတ်ခရိုင်ဘဏ်ခွဲက မြိတ်၊ ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်များရှိ ယခုနှစ် မိုးစပါးစိုက်တောင်သူ ၃၄၅၄ ဦးကို လယ်ဧက ၂၀၆၄၀ အတွက် ငွေကျပ် သိန်း ၃၀၉၆၀ ထုတ်ချေးပေးရန် လျာထားပြီး မေ ၂၈ ရက်မှစ၍ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိသည်။



**စတင်ထုတ်ချေးပေး**

ယမန်နေ့က မြိတ်ခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးအေးကျော်က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အလယ်ချောင်းကျေးရွာအုပ်စုနှင့် ပပြင်ကျေးရွာအုပ်စုရှိ တောင်သူ ၃၀ အား လယ် ၂၂၇ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၃၄၀ ဒသမ ၅၀ သိန်းကို စတင်ထုတ်ချေးပေးသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# အိမ်မဲမြို့နယ် ရွာသစ်တိုက်နယ်အတွင်းရှိ ပြည်သူ ၈၀၀ ကျော်အား အခမဲ့ဆေးကုသပေး

**အိမ်မဲ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရွာသစ်ကျေးရွာ အ-ထ-က ရွာသစ်ကျောင်း၌ မြောင်းမြမြို့ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်း၍ ရွာသစ် တိုက်နယ်အတွင်းရှိ ပြည်သူများအား မေ ၂၇ ရက်က အခမဲ့ဆေးကုသပေးသည်။

အဆိုပါကွင်းဆင်းဆေးကုသပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ၊ အရိုးအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါကုသမားတော်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ အရေပြား အထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်နှင့် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်တို့ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့က အထွေထွေရောဂါလူနာ ၂၂၃ ဦး၊ သားဖွားမီးယပ်လူနာ ၃၆ ဦး၊ ကလေးရောဂါလူနာ ၄၆ ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ လူနာ ၂၃၃ ဦး၊ မျက်စိလူနာ ၁၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၅၆ ဦး၊ အရေပြားဆိုင်ရာလူနာ ၅၀၊ သွားဘက်ဆိုင်ရာလူနာ ၄၀ တို့ကို ကုသပေးခဲ့သည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



# ပညာသည်သာရတနာ လေ့လာမှတ်သားသင်ယူပါ

မောင်ကမ္ဘာ

> “ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ရမည်၊ ပညာရေးညီလာခံများ ကျင်းပ၍ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခြင်း၊ ပညာရှင်များနှင့် တိုင်ပင်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့်စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ ”

ကျောင်းဖွင့်ရာသီ ရောက်ပြီ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ပညာသည် ကမ္ဘာ့နိုင်ငံများ၏ တူရှချက်တစ်ခုဖြစ်လာသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို ပိုလုပ်လာကြသည်။ အင်ဂျင်နီယာများ၊ ကွန်ပျူတာသိပ္ပံပညာရှင်များ စသည့်အသိပညာရှင်၊ အတတ်ပညာရှင်များကို ပိုမိုမွေးထုတ်လာကြသည်။ သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D) ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုလုပ်ဆောင်လာကြသည်။

မြန်မာနှင့် အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ခဲ့မှုကြောင့် ယနေ့ကမ္ဘာတွင် ဂရိတ်ပါဝါနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

**အဓိက ရင်းနှီးမြှုပ်နှံမှုကား ပညာရေးကဏ္ဍ**

တရုတ်နိုင်ငံသည် အကြီးစားစက်မှုလုပ်ငန်းနှင့် အီလက်ထရွန်နစ်လုပ်ငန်းတို့တွင် ထိပ်တန်းအဆင့်ဖြစ်လာသည်။ အိန္ဒိယသည်လည်း ဆော့ဖ်ဝဲလုပ်ငန်း၊ ဒီဇိုင်းလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ရှေ့တန်းအရောက်ဆုံးနိုင်ငံဖြစ်လာသည်။ ထိုသို့ ထိပ်တန်းရောက်ရှိရေးအတွက် အာရှနိုင်ငံကြီးနှစ်နိုင်ငံတို့သည် ဆယ်စုနှစ်များစွာကတည်းကပင် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ခဲ့ကြသည်။ အဓိကရင်းနှီးမြှုပ်နှံမှုကား ပညာရေးကဏ္ဍဖြစ်သည်။

တရုတ်နိုင်ငံသည် တိန့်ရှောင်ဖိန်၏ ၁၉၇၈ ခုနှစ် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် လေးမျိုးခေတ်မီရေးလှုပ်ရှားမှု စတင်ကတည်းကပင် ပညာရေးကဏ္ဍကိုခေတ်မီရန် အလေးထား ကြိုးပမ်းခဲ့ကြသည်။ ပညာရေးပြုပြင်ပြောင်းလဲမှု၏ ဗဟိုချက်မှာ အဆင့်မြင့်ပညာရေးအပိုင်း ဖြစ်သည်။

**မူဝါဒချမှတ်ပေး**

ကြားကာလတွင် တရုတ်ကျောင်းသားများကို နိုင်ငံခြား(အထူးသဖြင့်) အမေရိကန်တက္ကသိုလ်များသို့ ပညာသင်စေလွှတ်ခဲ့သည်။ နာမည်ကြီးနိုင်ငံတကာ တက္ကသိုလ်အသီးသီးတွင် ပညာဆည်းပူးခွင့်ရခဲ့သော အဝေးရောက် တရုတ်ပညာတတ်များကလည်း ပညာတော်သင်ကျောင်းသားများနှင့်ပူးပေါင်း၍ တရုတ်ပြည်ကြီးကို ခေတ်မီရေးလမ်းကြောင်းပေါ်သို့ ဆွဲတင်ပေးခဲ့ကြသည်။ တရုတ်တက္ကသိုလ်များကို နိုင်ငံတကာတက္ကသိုလ်များအဆင့်သို့ ပြောင်းလဲနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ တရုတ်အစိုးရကလည်း တရုတ်တက္ကသိုလ်များ ခေတ်မီရေးအတွက် ပုဂ္ဂလိကအပိုင်းမှ အကူအညီများကို အသုံးချရန် မူဝါဒချမှတ်ပေးခဲ့သည်။

သို့ဖြင့် ယခင်က ခွဲခြမ်းစိတ်ဖြာစရာမလို၊ တီထွင်ကြံဆဖန်တီးစရာ မလိုဘဲ အလွတ်ကျက်အာဂုံဆောင်ပြီး ဘွဲ့ရပညာမတတ်များကို စက်နှင့်လှည့်ထုတ်သလို မွေးထုတ်ပေးခဲ့သော သင်ရိုးညွှန်းတမ်းဟောင်းများအစား သင်ရိုးညွှန်းတမ်းအသစ်များကို အနောက်တိုင်းတက္ကသိုလ်ကြီးများနှင့် တစ်ပြေးညီဖြစ်အောင် ပြန်လည်ရေးဆွဲခဲ့ကြသည်။ အစဉ်အလာစာမေးပွဲပုံစံကို ခေတ်သစ်နှင့်အံဝင်ခွင်ကျဖြစ်အောင် ပြောင်းလဲယူခဲ့သည်။

စာမေးပွဲစနစ်ဟောင်းက အလွတ်ကျက်မှတ်ထားသမျှကို သတ်မှတ်ချိန်အတွင်းပြန်ချရေးပြနိုင်လျှင် စာမေးပွဲအောင်ရုံမျှမက ဂုဏ်ထူးပင်ရနိုင်သည်။ ပြောင်းလဲလိုက်သော စာမေးပွဲပုံစံသစ်မှာမူ မှတ်ဉာဏ်ကို စစ်သည်မဟုတ်။ ဆင်ခြင်တုံတရားနှင့် ဝေဖန်ဆန်းစစ်မှု၊ တီထွင်ဖန်တီးမှုတို့ကို ဦးတည်ထားခြင်းဖြစ်ပေသည်။

**ပညာရေးဝန်ဆောင်မှုလုပ်ငန်း**

ယနေ့ တရုတ်နိုင်ငံသစ်၏ ဖွံ့ဖြိုးတိုးတက်မှုအနေအထားကို ကြည့်လျှင် တရုတ်ပညာရေး ပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်ကို ဆဝါးကြည့်မြင်နိုင်ပေမည်။ လက်ရှိကာလတွင်လည်း တရုတ်တက္ကသိုလ်များမှ အင်ဂျင်နီယာနှင့် နည်းပညာကျွမ်းကျင်သူများကို နှစ်စဉ်သန်းနှင့်ချီ၍ မွေးထုတ်ပေးလျက်ရှိသည်။ အနောက်တိုင်း တက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူနေသည့် အရေအတွက်မှာလည်း တောက်လျှောက်မြင့်တက်လျက်ရှိသည်။ ယနေ့ တရုတ်နိုင်ငံတွင် အလားအလာအကောင်းဆုံး လုပ်ငန်းမှာလည်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်နေသည်။

အိမ်နီးချင်း တရုတ်နိုင်ငံနည်းတူ အိန္ဒိယနိုင်ငံသည်လည်း ပညာရေးပြုပြင်ပြောင်းလဲမှုများကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲခဲ့ရာ ၂၀၀၁ ခုနှစ်ကပင် “လူတိုင်းအခြေခံပညာ မသင်မနေရဥပဒေ” ကို ပြဋ္ဌာန်းပေးခဲ့သည်။ ပညာရေးအသုံးစရိတ်ကိုလည်း တိုးမြှင့်၍ကျောင်းများတွင်ကျောင်းသားတိုင်းကို နေ့လယ်စာထမင်း အခမဲ့ကျွေးသည်။ ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ယူပေးသည်။ စာအုပ်စာတမ်းနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးသည်။ အခက်အခဲအချို့ရှိသော်လည်း ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူမှုမှာ တိုးတက်မြင့်မားလာသည်။

**ကမ္ဘာ့အဆင့်မီ ပညာရှင်များမွေးထုတ်**

ထို့အတူ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေး ခေတ်ဦးပိုင်းကတည်းက ပညာရေးဘက်တွင် ဗြိတိသျှတက္ကသိုလ်ကျောင်းများ လမ်းကြောင်းအတိုင်း လိုက်ပါ၍ အဆင့်မြင့်တက္ကသိုလ်ပညာရေးကို ရည်ရွယ်ချက်ရှိရှိ အကောင်အထည်ဖော်ခဲ့သည်။ ၁၉၅၁ ခုနှစ်ကပင် အိန္ဒိယနည်းပညာတက္ကသိုလ် ၇ ခုကို တစ်ပြိုင်နက်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ အိန္ဒိယစီမံခန့်ခွဲမှု တက္ကသိုလ် ၆ ခုကိုလည်း ဖွင့်လှစ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်များကိုလည်း ဖွင့်ခွင့်ပြုခဲ့သည်။ ထိုသို့ မူလကတည်းက ပညာရေးရေခံမြေခံကိုကောင်းမွန်အောင် အစပျိုးတည်ဆောက်နိုင်ခဲ့၍ အိန္ဒိယသည် ကမ္ဘာ့အဆင့်မီ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ကွန်ပျူတာသိပ္ပံပညာရှင်များကို ယခုတိုင် အဆက်မပြတ်မွေးထုတ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

ပညာမဲ့ဖိုးသုညများဖြင့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်၍မရနိုင်ပါ။ ထိုသဘောတရားနှင့်အညီ ပညာရေး၏ အရေးပါမှုကို အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံမှ အစိုးရရော လူထုကပါ နက်နက်ရှိုင်းရှိုင်း သဘောပေါက်ထားခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း **“ပညာတတ်များ ရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်မည်ဖြစ်ကြောင်း”** ပြီးခဲ့သည့် မေ ၁၉ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။ ထို့အတူ ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကိုပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုများနှင့် ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပညာရေးနှင့်ပတ်သက်၍ မြှင့်တင်ဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။ ပညာရေးညီလာခံများ ကျင်းပ၍ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ခြင်း၊ ပညာရှင်များနှင့် တိုင်ပင်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အတူ အဆင့်မြင့်ပညာရေးအပိုင်းတွင်လည်း တက္ကသိုလ်များကို အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်ရန်နှင့် လေ့လာသင်ကြားပေးသော ကျောင်းများအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ သင်ကြားရေးနှင့်ပတ်သက်၍ တက္ကသိုလ်ပညာရေးကို အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် သင်ကြားမှုကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။

**NSA ကို တည်ဆောက်ဖွင့်လှစ်ပေး**

ထို့ပြင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးနှင့် နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများ အဆင့်မြင့်ပညာရေးကို သင်ကြားနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ Naypyitaw State Academy (NSA) ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

NSA တွင် ပညာသင်ကြားမှုများ အဆင်ပြေ ချောမွေ့စေရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာထည့်သွင်းတည်ဆောက်ခဲ့ပြီး ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့်ဆေးပညာရပ်များ သင်ကြားနိုင်မည်ဖြစ်သည်။

အဓိကကျသည့်ဘာသာရပ်များကို စနစ်တကျသင်ကြားပေးပြီး နိုင်ငံ့အတွက်လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရန်နှင့် ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော်တက္ကသိုလ်တို့သည် နိုင်ငံ၏ထိပ်တန်းတက္ကသိုလ်များ ဖြစ်လာစေရန်နှင့် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များ စာရင်းတွင်ပါဝင်နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောင်းအပ်နှံရေး သီတင်းပတ် ကျင်းပလျက်ရှိ**

အခြေခံပညာရေးကဏ္ဍတွင်လည်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူနိုင်ရေး၊ ကျောင်းတက်ရောက်နိုင်စေရေးအတွက် မေလ ၂၂ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိသည်။

အခြေခံပညာအတန်းအားလုံး အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ကျောင်းသားကျောင်းသူအားလုံး အခြေခံပညာ အလယ်တန်း (KG+9) ပြီးမြောက်အောင်မြင်သည်အထိ မသင်မနေရ သင်ယူကြရမည်ဖြစ်သည်။ KG+9 ပြီးဆုံးပါက ပုံမှန်အခြေခံပညာအထက်တန်းကို ဆက်လက်သင်ယူနိုင်သလို အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့်အခွင့်အလမ်းများလည်း ဖော်ဆောင်ပေးထားသည်။ ပိုလီတက္ကနစ်နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့်ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုး၊ မွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပေါ်ထွက်လာမည်ဖြစ်သည်။

**ပညာသည်အဓိကဖြစ်လာ**

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်တွင် ပညာသည်အဓိကဖြစ်လာသည်။ နိုင်ငံတိုင်းလိုလိုကလည်း ပညာကို ဖွံ့ဖြိုးရေးအင်ဂျင်တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ပညာရေးရေချိန်မြင့်မားလာသည်နှင့်အမျှ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကလည်း ရေမြင့်ကြာတင့်ဆိုသလို မြင့်တက်လာမည်ဖြစ်သည်။ ထိုနည်းတူ အခြေခံလူတန်းစားတို့အတွက်လည်း ပညာသည် အဖိုးတန်ရတနာတစ်ခုဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးသောမိသားစုများသည် ပညာရေးကို ဆင်းရဲတွင်းကတက်ခွင့်ရစေမည့် လက်မှတ်အဖြစ် ရှုမြင်လျက်ရှိကြသည်။

သို့ဖြင့် နိုင်ငံတော်၏ အနာဂတ်၊ မိသားစု၏အနာဂတ်၊ မျိုးဆက်သစ်တို့၏ အနာဂတ် အတွက် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်နိုင်ရေး၊ အေးချမ်းစွာ ပညာသင်ကြားသင်ယူနိုင်ရေးအတွက် မိဘ၊ ဆရာသမားများအပါအဝင် နိုင်ငံသားအားလုံး ပံ့ပိုးကူညီကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် နောက်ဆုံးဆင့် ဖြေဆိုပူဇော်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် နောက်ဆုံးဆင့်ဖြေဆိုပူဇော်ပွဲနှင့် ဆုနှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)နာယကနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊အလှူရှင်များ၊ ဆရာဆရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ ဗုဒ္ဓပဏာမဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာပဏ္ဍိတာဘိဝံသက သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲဆိုင်ရာ ၁၀ သိန်းနှင့်အထက် မတည်အလှူရှင်များ၊ (ဗဟို)အဖွဲ့ ဂုဏ်ထူးဆောင်ဆရာတော်များက ကုသိုလ်ရှင်များကိုဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)အဖွဲ့ရုံး ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ကျပ်သိန်း ၁၀၀ နှင့် ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲအတွက် ကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာဆွေတင်နှင့် အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဆရာတော်ကြီး ကိုယ်စား သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) နယက ဦးစိန်မော်က လက်ခံရယူသည်။



ဆက်လက်၍အလှူအတွက် သိန်း ၅၀ နှင့်အထက် မတည်အလှူရှင်များကိုနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များနှင့် ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာ ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် ဗုဒ္ဓဝံသဒီပလိုမာအောင်လက်မှတ်ရရှိကြသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဆရာတော်နှင့် ဂုဏ်ထူးဆောင်ဆရာတော်များကပေးအပ်ချီးမြှင့်ကြသည်။

ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ မဟာဗုဒ္ဓဝင်ဒေသနာတော် နောက်ဆုံးဆင့်ကိုမေ ၂၈ရက်ညနေပိုင်းကဖြေဆိုခဲ့ကြရာ မအိကြာဖြူက ရမှတ် ၁၂၉ ဒ သမ ၄ မှတ်ဖြင့် ပထမ၊ မောင်ကောင်းလျှံက ရမှတ် ၁၂၈ ဒသမ ၈ မှတ်ဖြင့် ဒုတိယ၊ မသဇင်ထွန်းက ရမှတ် ၁၂၈ ဒသမ ၂ မှတ်ဖြင့် တတိယ၊ မမျိုးကြယ်စင်က ရမှတ် ၁၂၈ မှတ်ဖြင့် စတုတ္ထ၊ မနှင်းထက်ထက်အေးက ရမှတ် ၁၂၃ဒသမ ၆မှတ်ဖြင့် ပဉ္စမ၊ မောင်သစ်လွင်ထူးက ရမှတ် ၁၁၆ မှတ်ဖြင့် ဆဋ္ဌမရရှိခဲ့ကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပထမဆုရခဲ့သည့် မအိကြာဖြူက မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ (Play & Stay ဆုငွေကျပ်သိန်း ၁၂၀ အစီအစဉ် ဆက်လက်ဖြေဆိုမှုကို ကြည့်ရှုအားပေးပြီး ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆို ပူဇော်ပွဲဆုချီးမြှင့်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**ကိုကိုဇော်-MNA**

# စစ်တွေမြို့၌ နေရပ်စွန့်ခွာပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**စစ်တွေ မေ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်တွေမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)အရ နေရပ်စွန့်ခွာပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ သံဃရာဇဝိဟာ ဘုန်းရ ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စစ်တွေမြို့ပေါ်ရှိနေရပ်စွန့်ခွာစခန်းများမှပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူများ စုပေါင်းနေထိုင်ရာစုရပ် ၅၄ ခု ရှိသည့်အနက် ပထမအသုတ်အနေဖြင့် စုရပ် ၁၇ ခုတွင် ရှိကြသည့် မြန်မာနိုင်ငံသားတိုင်းရင်းသား ၄၈၁ ဦးအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု ၁၆၈ စုတို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ပန်းခင်းစီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေမြို့နယ်အနေဖြင့် ပန်းခင်းစီမံချက် အဆင့်(၁)တွင် ၆၃၇၂ ဦး၊ အဆင့်(၂)တွင် ၁၃၁၁၂ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

စစ်တွေမြို့ပေါ်ရှိ နေရပ်စွန့်ခွာသူများ စုပေါင်းနေထိုင်ရာစုရပ် ၅၄ ခုကို စုရပ်များ အရောက်အလှည့်ကျ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေး ကတ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု အိမ်တိုင်ရာရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်း အားဖြင့်



ပြည်သူလူထုအနေဖြင့် မိမိလက်ရှိနေရပ်တွင် အလုပ်အကိုင်မပျက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်ရရှိပြီးဖြစ်၍ မိဘပြည်သူများအနေဖြင့် မိမိတို့ သွားမည့်ခရီး၊ ဆောင်ရွက်လိုသည့် ကိစ္စအဝဝတို့ကို အလွယ်တကူ ဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က နေရပ်စွန့်ခွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ကြရာ နိုင်ငံသားစိစစ်ရေးကတ်ရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး၊ ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# လှိုင်းဘွဲမြို့နယ် ကြာအင်းခေတ်မီစံပြကျေးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ



**ဘားအံ မေ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကြာအင်းခေတ်မီစံပြကျေးရွာ အထက်တန်းကျောင်းပညာချစ်သူ အာရ်စီစီ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသော မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်း ဦးစီးပဓာနနာယက ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိက၊ မဲဆမိတ်ကျောင်းတိုက်ဆရာတော်နှင့် ဝိုင်းထော်ကျောင်းဆရာတော်တို့အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် ဆရာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယမြိုင်ကြီးငူဆရာတော်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အလှူရှင်က ကျောင်းဆောင်သစ်ကမ္ပည်းကျောက်ပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းဆောင်သစ်အတွင်းရှိ စာသင်ခန်း၊ ပရိဘောဂများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော် - သာစည် - သဲတော - မန္တလေးရထားလမ်းပိုင်း မိုင်နှုန်းမြှင့်ပြေးဆွဲနိုင်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော် - သာစည် - သဲတော - မန္တလေးရထား လမ်းပိုင်းတွင် မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု၊ စစ်ကိုင်းတံတား (အင်း၀)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ သစ်သားဇလီဖားပေါင်း စက်ရုံ (မြို့ဟောင်း)နှင့် မန္တလေးဘူတာကြီးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော်-သာစည်-သဲတော-မန္တလေးရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုကို RBE ရထားဖြင့်လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး တံတားအဝင်၊ အထွက်နေရာများတွင် ခုန်ဆောင့်လူးမဖြစ်စေရေး Run Off Frame များ စနစ်တကျ တပ်ဆင်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်၊ သံလမ်းအဆက်နေရာများတွင် သံလမ်းအဆက်ညှိခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ရေတိုက်စားခံရသည့်နေရာများတွင် တာပနံ့များကို သတ်မှတ်အကျယ်ရရှိအောင် စနစ်တကျဆောင်ရွက်ရန်၊ တံတားအသစ် ပြန်လည်တည်ဆောက်မည့်တံတားအမှတ် ၆၇၇၊ ၆၉၁၊ ၇၃၉ နှင့် ၇၇၁ တို့အတွက် Soil Test စနစ်တကျဆောင်ရွက်ရန်နှင့် ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောဘူတာရုံးခန်းနေရာများတွင် မော်ဂျူလာရုံးခန်းများ အမြန်ဆုံးအစားထိုးတည်ဆောက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေငလျင်ဒဏ်ကြောင့် သံပေါင်ခုံများ ပြုတ်ကျခဲ့သည့် စစ်ကိုင်းတံတား (အင်း၀)သို့ သွားရောက်၍ တံတားခုံအမှတ် (၄) ဖျက်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မန္တလေးမြို့ ၇၇ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့်ခဲ့သည့် မြန်မာ့မီးရထားပိုင်း ခြောက်ထပ်အဆောက်အအုံ ထိခိုက်ပျက်စီးမှုကိုလည်းကောင်း၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ သစ်သားဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း) နှင့် မန္တလေးဘူတာကြီးတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် အချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကြက်သား၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မေ ၁ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ လှည့်လည်ရောင်းချရာ မေ ၂၉ ရက်တွင် ကြက်သားအကောင် ၅၀၊ ကြက်ဥအလုံး ၃၀၀၀၊ ဘဲဥအလုံး ၇၀၀ နှင့် ငုံးဥအလုံး ၃၀၀၀ တို့ကို သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မအူပင်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးမှ ကြီးမှူးကျင်းပသော တိုးမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မေ ၂၉ ရက်က ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး နိုင်လွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် ပံသပွတ်ကျေးရွာ ဒေသခံပြည်သူများက တလုပ်လုငါးလုပ်ငန်းစခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းတို့မှ သားဖောက်ထုတ်လုပ်သော ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၁ ဒသမ ၅ သိန်း၊ ထိုင်းငါးခုံးမကြီးသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄ ဒသမ ၅ သိန်း ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်ရွှေမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ညောင်ရွှေ မေ ၂၉**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို လူထုလှုပ်ရှားဆောင်ရွက်မှုအနေဖြင့် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၂၇ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့အဝင်ဈေးထောင့်၌ ပြုလုပ်သည်။

အဆိုပါ မြေစိုက်ပိုစတာ စိုက်ထူခြင်းကို တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်ဖြိုးကျော်နှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တစ်ခါသုံး ပလတ်စတစ်လျှော့ချရေးဆိုင်ရာ အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၊ သောတပန်ရပ်ကွက်နှင့် နန်းဦးမြို့သစ်တို့ရှိ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ၊ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက လုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်တာဝါတိုင်စခန်းသို့ သွားရောက်၍ တာဝါတိုင်ကြွခိုင်မှု၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံ အပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ မဟာဂ်ံဏစေတီနှင့် မဟာစေတီလှရှိ အပျက်အစီးများ ရှင်းလင်းနေမှု ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ပေါင်းလဲကြီး(မဟာရွှေသာလျှောင်း) မြတ်စွာဘုရားနှင့် နဂါးရုံဘုရားတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ရှေးဟောင်းစေတီအပျက်အစီးများအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိရသော ဌာပနာတော်များ ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ အလှူငွေပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား ဖြိုချပြီး အပျက်အစီးများ အပြီးသတ် ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့ရိုးသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လွှန်ကဲတံခါး၊ ပြာသာဒ်နေရာများနှင့် ကျုံး၏ အရှေ့တောင်ထောင့်ရှိ ငလျင်ဒဏ်ကြောင့် မြေအောက်သို့ နိမ့်ဝင်သွားသော နတ်ကွန်းအား ပြန်လည်မတင်ခြင်းလုပ်ငန်းများ၊ ချမ်းမြသာစည်မြို့နယ် တမ္ဘဝတီရပ်ကွက်၊ အမရပူရမြို့နယ် မှန်တန်းရပ်၊ ကွမ်းသီးတန်းရပ်နှင့် ချမ်းအေးသာစံမြို့နယ် အောင်နန်းအနောက်ရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အပျက်အစီးများနှင့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံကျောင်း၌ မုခ်ဦးပြုပြင်နေမှုများ၊ စာချကိုယ်တော်များအတွက် ကျောင်းဆောင်နှင့် ဆွမ်းစားဆောင် ကြမ်းခင်းများ ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ အင်ရောင်းကျေးရွာရှိ အင်ရောင်းဆေးဝါးစက်ရုံတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်နေမှု၊ မင်းစုကျေးရွာရှိ အိမ်သုံးစတီးပစ္စည်း စက်ရုံ(မင်းစု)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှု၊ စဉ့်ကိုင်မြို့နယ် ဧည့်ပြကျေးရွာအုပ်စု မက္ခရာကျေးရွာ မက္ခရာရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော်ကြီးများ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---



## ကသာခရိုင်၌ အောင်နိုင်တိုးမျိုးစပါးပေးအပ်ပွဲအခမ်းအနားကျင်းပ

**ကသာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်နှင့် ကသာမြို့နယ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အောင်နိုင်တိုးမျိုးစပါးပေးအပ်ပွဲကို ယမန်နေ့က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများမှ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေး ဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ မြေအသုံးချရေးတာဝန်ခံ ဦးအေးဝင်းက အောင်နိုင်တိုးစပါးကို ပန်းတိုင်အထက်ရရှိရေးအတွက် စိုက်ပျိုးနည်းစနစ်များ၊ အောင်နိုင်တိုးစပါး၏ အရည်အချင်းလက္ခဏာများနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာစိုက်ပျိုး ပြုလုပ်သုံးစွဲနည်းများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက အောင်နိုင်တိုးစပါးနှင့် သစ်စိမ်းမြေဩဇာစိုက်ပျိုးရန် ပဲယင်းများကို တောင်သူများကိုလည်းကောင်း၊ ဌာနဆိုင်ရာရုံးဝင်းများတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြရန် သီးပင်စားပင်မျိုးစေ့များကိုလည်းကောင်း ပေးအပ်ခဲ့သည်။ **အေးမြသက်ထား**

---

## ကြံခင်းမြို့နယ်၌ မိုးရာသီ(အကြို) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကျင်းပ

**ကြံခင်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ မိုးရာသီ(အကြို) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီခွဲက ကြံခင်းကြိုးဝိုင်းကွင်းအမှတ်(၅၀) ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၁၀၁/၅)တွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးသောင်းထွန်းလွင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိုးစိုးတင့်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းထွန်းတို့က ပျိုးပင် စုစုပေါင်း ၈၁၀ ပေးအပ်ပြီး ကြံခင်းကြိုးဝိုင်းကွင်းအမှတ်(၅၀)တွင် စုပေါင်းစိုက်ပျိုးကြသည်။ **မြို့နယ်(ပြန်/ဆက်)**



---

**စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှုသွင်း လေသန့်ရှင်း မချွင်းရမှာ တောကသာ**

---

○ *ကျောဖုံးမှ*

အသင်းစုစုပေါင်း ၄၄ သင်းကို လေးသင်း ၁၁ အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဂျော်ဒန်၊ တာ့ခ်မင်နစ္စတန်၊ တရုတ်(တိုင်ပေ)၊ ဘူတန်၊ အုပ်စု(B)တွင် ဂျပန်၊ ကူဝိတ်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ အုပ်စု (C) တွင် ဗီယက်နမ်၊ ယီမင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (D) တွင် ဩစတြေးလျ၊ တရုတ်၊ တီမော၊ မြောက်မာရီယာနာကျွန်းစု၊ အုပ်စု (E) တွင် ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်၊ သီရိလင်္ကာ၊ အုပ်စု (F) တွင် ထိုင်း၊ မလေးရှား၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု (G) တွင် အီရတ်၊ ကမ္ဘောဒီးယား၊ အိုမန်၊ ပါကစ္စတန်၊ အုပ်စု (H) တွင် ကာတာ၊ ဘာရိန်း၊ အိန္ဒိယ၊ ဘရူနိုင်း၊ အုပ်စု (I) တွင် ယူအေအီး၊ အီရန်၊ ဟောင်ကောင်၊ ဂူအမ်၊ အုပ်စု (J) တွင် တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မကာအို၊ အုပ်စု (K) တွင် တာဂျစ်ကစ္စတန်၊ ဆီးရီးယား၊ ဖိလစ်ပိုင်နှင့် နီပေါ အသင်းတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - သော်လေး**

# ကနေဒါက အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် လက်ခံပါက ဒုံးပျံကာကွယ်ရေးစနစ်သစ်ဖြင့် အခမဲ့ကာကွယ်ပေးမည်ဟု ထရမ့် မက်လုံးပေး

**ဝါရှင်တန်ဒီစီ မေ ၂၉**

ကနေဒါသည် အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာပါက Golden Dome ဒုံးပျံကာကွယ်ရေးစနစ်တွင် အခမဲ့ပါဝင်ခွင့်ရမည်ဟု



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ထရမ့်က ကနေဒါကို အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ် ပါဝင်ပါက အံ့ဖွယ် Golden Dome ဒုံးပျံကာကွယ်ရေးစနစ်တွင် အခမဲ့ပါဝင်နိုင်ပြီး သီးခြားနိုင်ငံအဖြစ်သာ ဆက်လက်ရပ်တည်ပါက အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံ ကုန်ကျမည်ဟု မေ ၂၇ ရက်က ဆိုသည်။

သမ္မတဒေါ်နယ်ထရမ့်က အဆိုပါ ဒုံးပျံကာကွယ်ရေးစနစ်ကို ၂၀၂၉ ခုနှစ် ဇန်နဝါရီလတွင် ၎င်း၏ သမ္မတသက်တမ်းကုန်ဆုံးချိန်မတိုင်မီ စတင်အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း ပြောကြားသည်။ မျိုးဆက်သစ် ဒုံးပျံကာကွယ်ရေးစနစ်ကို ကုန်းမြေ၊ ရေတွင်သာမက အာကာသတွင်ပါ လွှမ်းခြုံသွားမည်ဖြစ်သည်။ အမေရိကန်အစိုးရက အဆိုပါ ဒုံးပျံကာကွယ်ရေးစနစ်တည်ဆောက်ရန် ကုန်ကျမည့် ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ ရှိမည်ဟု ထုတ်ပြန်ထားသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးကမူ ၎င်း၏အစိုးရအဖွဲ့အနေဖြင့် အဆိုပါစီမံကိန်းအတွက် ငွေကြေးထည့်ဝင်ရန် စိတ်ဝင်စားသော်လည်း ကနေဒါနိုင်ငံကို အမေရိကန်ပိုင်အဖြစ် သွတ်သွင်းမည့် ထရမ့်၏ အကြံအစည်ကို ပြတ်ပြတ်သားသား ငြင်းပယ်ထားသည်။ **အင်န်အိတ်ချ်ကေ**

# နျူကလီးယားသဘောတူညီမှုရရှိပါက အမေရိကန်စစ်ဆေးသူများကို ဝင်ရောက်ခွင့်ပေးနိုင်ဖွယ်ရှိဟု အီရန်ပြော

**တီဟီရန် မေ ၂၉**

အီရန်နိုင်ငံ၏ နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့် ဆွေးနွေးမှုအခြေအနေအပေါ်မူတည်ကာ အီရန်နိုင်ငံ၏ နျူကလီးယား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သို့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အတွက် အလုပ်လုပ်ကိုင်ပေးနေသည့် အမေရိကန်စစ်ဆေးသူများကို ဝင်ရောက်ခွင့်ပေးသွားနိုင်ဖွယ်ရှိသည်ဟု အီရန်က ပြောသည်။



ပြီးခဲ့သည့် ဆွေးနွေးမှုအတွင်း အီရန်နိုင်ငံ၏ ယူရေနီယံ သန့်စင်မှုကို ရပ်တန့်ရန် ထရမ့်အစိုးရအဖွဲ့က တောင်းဆိုခဲ့သည်။ အဆိုပါတောင်းဆိုမှုကို အီရန်နိုင်ငံဘက်က ပယ်ချခဲ့သည်။

အီရန်နိုင်ငံ၏ တောင်းဆိုချက်များကို လိုက်နာပါက ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့မှ အမေရိကန်စစ်ဆေးသူ အရာရှိများကို အီရန်နျူကလီးယားစက်ရုံများသို့ ဝင်ရောက်ခွင့်ပြုရေး ပြန်လည် စဉ်းစားသွားမည်ဟု အီရန်အဏုမြူ စွမ်းအင်အကြီးအကဲ မိုဟာမက် အက်စလာမီက မေ ၂၈ ရက်တွင် သတင်းထောက်များကို ပြောသည်။

နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ခုရရှိပါက အိုင်အေအီးအေ၏ ခိုင်မာပြီး တိကျမှုရှိသည့် စုံစမ်းစစ်ဆေးမှုသည် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း အိုင်အေအီးအေ၏ ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရောဆီက သတင်းထောက်များကို ပြောသည်။

အဖြေရရှိရန် အလွန်နီးစပ်နေပြီဟု အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို မေ ၂၈ ရက်က ပြောသည်။ အီရန်နိုင်ငံ၏ နျူကလီးယား ဖွံ့ဖြိုးတိုးတက်မှုကို အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဟန့်တားလိုသည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယား လေယာဉ်ပျက်ကျမှု လေယာဉ်အမှုထမ်း လေးဦး သေဆုံး

**ဆိုးလ် မေ ၂၉**

တောင်ကိုရီးယား တပ်မတော် လေယာဉ်ပျက်ကျမှုတွင် အမှုထမ်းလေးဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းစာ ဂျိုဆွန်းအဲလ်ဘိုက မေ ၂၉ ရက်တွင် ဖော်ပြသည်။

ပီ-၃ ရေကြောင်းကင်းလှည့် လေယာဉ်သည် အမှုထမ်းလေးဦးနှင့်အတူ လေ့ကျင့်ရေးပြုလုပ်ရန်အတွက် အရှေ့တောင်ပိုင်း ပိုဟန်းမြို့ရှိ အခြေစိုက်စခန်းတစ်ခုမှ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၃ မိနစ်တွင် ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁ နာရီ ၄၉ မိနစ်ခန့်တွင် တပ်စခန်းအနီး တောင်ကုန်းပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွင်း အရပ်သားထိခိုက်သေဆုံးမှုများ ရှိ၊ မရှိ မသိရသေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။



လေယာဉ်အမှုထမ်း အားလုံးကို မီးလောင်ထားသည့် ရုပ်အလောင်းများအဖြစ် တွေ့ရှိခဲ့ပြီး မီးသတ်တပ်ဖွဲ့က လေယာဉ်မီးလောင်မှုကို စုပေါင်းငြိမ်းသတ်ခဲ့ရသည်။ ပျက်ကျခဲ့သည့်လေယာဉ်သည် မီးလောင်ပျက်စီးသွားခဲ့သည်။ **ဆင်ဟွာ**

# မျောက်ကျောက်ရောဂါကို ထိန်းချုပ်ရန် တင်းကျပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ အီသီယိုးပီးယား မိတ်ဆက်

**အဒစ္စအဘာဘာ မေ ၂၉**

မျောက်ကျောက်ရောဂါဖြစ်ပွားလာနိုင်မှုကို တားဆီးရန်အတွက် ကျန်းမာရေးစောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း အီသီယိုးပီးယား ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၈ ရက်တွင် ပြောသည်။

မေ ၂၅ ရက်တွင် ကင်ညာနိုင်ငံနယ်စပ်အနီးရှိ မိုယာလေမြို့၌ ၂၁ ရက်သား မွေးကင်းစကလေးတွင် မျောက်ကျောက်ရောဂါကူးစက်ခံထားရကြောင်း အီသီယိုးပီးယားနိုင်ငံက ကြေညာခဲ့သည်။ နောက်ဆက်တွဲစစ်ဆေးမှုရလဒ်များအရ ကလေးမိဘနှစ်ဦးစလုံးတွင် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့ပြီးနောက် စုစုပေါင်း ကူးစက်ခံရသူ သုံးဦးရှိလာကြောင်း မေ ၂၈ ရက်က သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီး မက်ခ်ဒက်စ်ဒါဘာက ပြောသည်။

တိုင်းဒေသကြီးအသီးသီးတွင် အမြန်တုံ့ပြန်ရေးအဖွဲ့များဖြင့် ရောဂါကူးစက်ခံရသူနှင့် ထိတွေ့မှုရှိသူများကို ခြေရာခံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

နယ်စပ်ဂိတ်များ၊ လေဆိပ်ဝင်ပေါက်များအပါအဝင် ဝင်ထွက်သွားလာမှုပြုလုပ်နေသည့် ဖြတ်သန်းရေးဂိတ်များတွင် မျောက်ကျောက်ရောဂါ စစ်ဆေးမှုနှင့် စမ်းသပ်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အီသီယိုးပီးယားအစိုးရက ထိခိုက်လွယ်သည့် ဧရိယာများကိုလည်း သတ်မှတ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့မှုစတင်

**ဒါကာ မေ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လတ်ဆတ်သောသရက်သီးများ တရုတ်နိုင်ငံသို့ တင်ပို့မှုကို မေ ၂၈ ရက်တွင် စတင်ခဲ့သည်ဟု သိရသည်။

အဆိုပါ အခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးယောင်ဝမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူများ၊ နှစ်နိုင်ငံစလုံး၏ သွင်းကုန် ထုတ်ကုန်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တရုတ်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

တရုတ်ဈေးကွက်သို့ ဘင်္ဂလားဒေ့ရှ်သရက်သီးများ ဝင်ရောက်မှုသည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အပြန်အလှန်အကျိုးရှိမှုကို ထင်ဟပ်စေသည်။

မကြာတော့မည့်ကာလအတွင်း အရည်အသွေးမြင့် ဘင်္ဂလားဒေ့ရှ်လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံ၏ အဆင့်မြင့်ကုန်တိုက်များတွင် သိုလှောင်ထားရှိမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သရက်သီးများ တင်ပို့ခွင့်ပြုမှုအတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တာဝန်ရှိသူများက ပြောသည်။ **ဆင်ဟွာ**

# အစိုးရကဏ္ဍမှ မကြာမီ နှုတ်ဆက်ထွက်ခွာတော့မည်ဟု ဘီလျံနာသူဌေးကြီး အီလွန်မက်ခ်ပြော

**ဝါရှင်တန် မေ ၂၉**

အစိုးရကဏ္ဍပါဝင်မှုမှ မကြာမီ နှုတ်ဆက်ထွက်ခွာတော့မည်ဖြစ်ကြောင်း ဘီလျံနာသူဌေးကြီး အီလွန်မက်ခ်က ကြေညာလိုက်သည်။

အစိုးရစွမ်းဆောင်ရည် ဌာနအကြီးအကဲ (DOGE) အဖြစ် ၎င်း၏ အချိန်သည် မကြာမီကုန်ဆုံးတော့မည်ဖြစ်ကြောင်း အီလွန်မက်ခ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

မေ ၂၈ ရက်က လူမှုမီဒီယာပလက်ဖောင်းတစ်ခုဖြစ်သော X ပေါ်တင်ခဲ့သော ပို့စ်တစ်ခုတွင် မက်ခ်က အထူးအစိုးရအလုပ်သမားတာဝန် မကြာမီ အဆုံးသတ်တော့မည်ဖြစ်ကြောင်းနှင့် ပြုန်းတီးကုန်ကျစရိတ်များကိုလျှော့ချရန် မိမိကိုအခွင့်အရေးပေးခဲ့သော သမ္မတဒေါ်နယ်ထရမ့်ကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အီလွန်မက်ခ်က DOGE မစ်ရှင်သည် အစိုးရတစ်လျှောက်လုံး လူနေမှုပုံစံဖြစ်လာသောကြောင့် အချိန်နှင့်အမျှ အားကောင်းလာလိမ့်မည်ဟု ပြောကြားခဲ့သည်။ မက်ခ်သည် အစိုးရအတွက် ရက်ပေါင်း ၁၃၀ အထိ အလုပ်လုပ်ခွင့်ရခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာစေ

## စာဖတ်ပရိသတ်တစ်ဦး

ဌာနတာဝန်ရှိသူက ဝန်ထမ်းထုနှင့် တွေ့ဆုံပွဲတွင် **“မနာလိုဝန်တိုစိတ်မထားဘဲ ဝန်ထမ်းအချင်းချင်း ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနေကြဖို့”** မှာကြားခဲ့ပါသည်။

အခြားမှာကြားသင့်သည်များကိုပါ အကျယ်တဝင့် ဆက်လက်မှာကြားခဲ့သော်လည်း စာရေးသူအဖို့မူ ဖော်ပြပါအမှာအကြားသည်သာ ခေါင်းထဲတဝဲလည်လည်ရစ်ဝဲထင်ကျန်လျက်ရှိပေသည်။

မနာလို ဝန်တိုစိတ်၊ ထိုစိတ်ကြောင့်ပင် အသင်းအဖွဲ့များကြား၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်းကြား၊ ဆွေမျိုးမိတ်သင်္ဂဟများကြား ကွဲကြသည်၊ ပြဲကြသည်။ ဝန်ထမ်းလောကတွင်လည်း ရာထူးဌာနန္တရ၊ ပြည်ပပညာတော်သင်၊ ပြည်ပလေ့လာရေးစသည့် အခွင့်အရေး၊ အခွင့်အလမ်းကိစ္စများနှင့် ပတ်သက်၍ ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲလေ့ရှိကြသည်။

စင်စစ်အားဖြင့် အကြိတ်အခဲများ၊ ရန်ငြိုးရန်စအာဃာတများ၊ အမနာပပြောဆိုမှုများ၊ ပဋိပက္ခများ၊ ထိပ်တိုက်ရင်ဆိုင်မှုများကား မနာလို၊ ဝန်တိုမှုဟူသော ဣဿာနှင့် မစ္ဆရိယ တရားဆိုးများက အစပျိုးခဲ့ခြင်းပင် မဟုတ်ပါလား။

လူ့ဘောင်လူ့လောကသာမက တိရစ္ဆာန်ဘုံလောကတွင်လည်း မနာလိုဝန်တိုစိတ်ကြောင့်ပင် တစ်ကောင်နှင့်တစ်ကောင် မာန်ဖီ၊ ကိုက်ခဲ သတ်ပုတ်လေ့ရှိကြသည်။ ကျွန်တော့်တွင် နေ့စဉ် ကျွေးမွေးနေသည့် ပိုင်ရှင်မဲ့ ကြောင်ထီးလေး နှစ်ကောင်ရှိသည်။ တစ်ကောင်က မနာလို ဝန်တိုစိတ်အားကြီးသည်။ နေ့စဉ် သူစားသလို၊ ချစ်ခင်ကြင်နာမှုရသလို ရရစကောင်းလားဟူ၍ အခြားကြောင်ထီးလေး တစ်ကောင်ကို မာန်ဖီရန်မူလေ့ရှိသည်။ သူ့ပိုင်နက်နယ်မြေဟူသောအစွဲအလမ်းဖြင့် အခြားတစ်ကောင် မလာနိုင်ရန် လမ်းဝ၌ ပိတ်ဆို့လှဲအိပ်စောင့်နေတတ်သည်။ ကြောင်လေးခမျာ ထိုကြောင်ကြီးလစ်မှ အစာစားရရှာလေသည်။ အခြား ကိုယ်မမြင်ရသော၊ ကိုယ်မမြင်နိုင်သော ဘုံဘဝများရှိ သတ္တဝါများသည်လည်း ဤသို့ပင်ရှိပေလိမ့်မည်။

ဗုဒ္ဓ၏ ဓမ္မစာပေများထဲတွင် ဣဿာဆိုသည်မှာ သူတစ်ပါးကောင်းစား၊ ချမ်းသာကြီးပွားခြင်းကို မလိုလားခြင်း၊ မနာလိုခြင်း၊ သူတစ်ပါး၏ပြည့်စုံခြင်း၊ ကောင်းစားချမ်းသာခြင်းကို ငြူစူခြင်းသဘောလက္ခဏာရှိသည်ဟု ဆိုပါသည်။ သူတစ်ပါးကောင်းစားချမ်းသာခြင်းကို ငြူစူမနာလိုခြင်း၊ မပျော်မွေ့ခြင်း၊ မပျော်မွေ့၍ သူတစ်ပါးကောင်းစားချမ်းသာရာဆီကို မရှုမကြည့်လိုဘဲ မျက်နှာလွှဲခြင်းဟူသည့် ဣဿာ၏ လက္ခဏာရသ ပစ္စုပဋ္ဌာန်တို့ကလည်း တစ်ဆက်တည်းဆက်စပ်ဖြစ်ပေါ်တတ်သည်ဟု ဆိုပါသည်။

ဣဿာတရားဆိုး အားကြီးသူများသည် သူတစ်ပါး လာဘ်လာဘရရှိခြင်း၊ စီးပွားဥစ္စာပေါများပြည့်စုံခြင်း၊ အလုပ်ကိစ္စများအောင်မြင်ခြင်း၊ အခြေအရံအပေါင်းအသင်းပေါများခြင်း၊ ရုပ်ရည်အဆင်းလှပခြင်း၊ ပညာတတ်ခြင်း၊ ရာထူးဌာနန္တရတက်ခြင်းတို့သာမက နောက်ဆုံး ကျန်းမာခြင်းဆိုသည်ပင်လျှင် မကြိုက်ဘဲ မမြင်လို၊ မကြားလိုကြချေ။

သို့ဖြင့် ဣဿာရှိသူသည် သူတစ်ပါး၏ ကောင်းသတင်းကိုမကြားလို၍ သူတစ်ပါးအား အကျိုးမဲ့ဖြစ်စေရန် မကောင်းသတင်းကို ကြံဖန်ပြောဆိုတတ်သည်။ သူတစ်ပါးကောင်းစား ချမ်းသာသည်ကို အလိုမရှိသည့်အတွက် သူတစ်ပါးကို ရန်မူချင်သည်။ သူတစ်ပါး၏ စည်းစိမ်ချမ်းသာများကို ဖျက်ဆီးပစ်ချင်သည်။ သူတစ်ပါးအကျိုးမဲ့အောင် ကြံစည်ပြုလုပ်တတ်သည်။ မနာလိုသူ၏ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် စီးပွားဥစ္စာပြည့်စုံနေသူမှာလည်း ဆင်းရဲဒုက္ခရောက်ရသည်။ ယနေ့ကမ္ဘာကို ဖြန့်ကြက်ကြည့်လျှင်လည်း မနာလိုမှု ဣဿာရှိသူများကြောင့် ဒုက္ခများစွာရောက်နေကြရသည်ကို တွေ့မြင်နိုင်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က စူဠကမ္မဝိဘင်္ဂသုတ်တွင် **“အကြင်ပုဂ္ဂိုလ်သည် သူတစ်ပါးကောင်းစားသည်ကို မနာလိုဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဤမနာလိုသောအကျင့်သည် အခြေအရံနည်းပါး၍ တန်ခိုးနည်းခြင်းကို ဖြစ်စေတတ်၏”**ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ပြင် ဣဿာအားကြီးသောပုဂ္ဂိုလ်သည် သေသည်၏အခြားမဲ့၌ ငရဲသို့ကျရောက်ပြီး ငရဲမှလွတ်၍ ကုသိုလ်ကံကြောင့် လူဖြစ်လာသည့်အခါ၌လည်း မနာလိုသည့်အကုသိုလ် ကံကြွင်းကြောင့် အခြေအရံမဲ့ပြီး ချီးမွမ်းဖွယ်ဂုဏ်သတင်းမရှိသည့် တန်ဖိုးမဲ့ လူ့အညွှံ့စား ဖြစ်နေရတတ်သည်။

> ◆ **ဝန်မတိုသင့်ရာ၌ ဝန်တိုသောသူသည် မျက်မှောက်ဘဝမှာပင် စိတ်ဆင်းရဲရ၊ မိတ်ဆွေသင်္ဂဟ၊ လာဘ်လာဘနည်းပါးရတတ်ရုံမက သံသရာတစ်လျှောက်လုံးတွင်လည်း အတိဒုက္ခရောက်တတ်လေ**
>
> ❒ **မနာလိုမှု ဣဿာမရှိဘဲ သူတစ်ပါးကောင်းစား ချမ်းသာသည်ကို ကြည်ဖြူဝမ်းမြောက်နိုင်သူများအဖို့မူ ရပြီးသော စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေလင့်၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေဟု ဝမ်းမြောက်ကြည်ဖြူနှလုံးသွင်းနိုင်မှုကြောင့် ကုသိုလ်ကံများဖြစ်ပွားပြီး သေသည်၏ အခြားမဲ့၌ နတ်ပြည်လောကသို့ရောက်၍ လူ့ဘဝရောက်လာပါကလည်း အခြေအရံများပြီး ဘုန်းတန်ခိုးကြီးသည်ဟု ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့**

မနာလိုမှု ဣဿာမရှိဘဲ သူတစ်ပါးကောင်းစားချမ်းသာသည်ကို ကြည်ဖြူဝမ်းမြောက်နိုင်သူများအဖို့မူ ရပြီးသော စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေလင့်၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေဟု ဝမ်းမြောက်ကြည်ဖြူနှလုံးသွင်းနိုင်မှုကြောင့် ကုသိုလ်ကံများဖြစ်ပွားပြီး သေသည်၏ အခြားမဲ့၌ နတ်ပြည်လောကသို့ရောက်၍ လူ့ဘဝရောက်လာပါကလည်း အခြေအရံများပြီး ဘုန်းတန်ခိုးကြီးသည်ဟု ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။

မဟာစည်ဆရာတော်ကြီးကလည်း သက္ကပဉှသုတ်တရားတော်တွင် **“ဒီဣဿာက တော်တော်ဆိုးတဲ့တရားပဲ၊ သူတစ်ပါးကို မနာလိုတဲ့အတွက် ကိုယ့်မှာဘာမှလည်း ရတာမဟုတ်ဘူး၊ သက်သက်အချောင် အကုသိုလ်ပွားနေတာပဲ၊ အဲဒီ မနာလိုတဲ့ ဣဿာဖြစ်နေရုံနဲ့လည်း မိမိမှာ စိတ်ဆင်းရဲနေတာပဲ”**ဟု ဟောကြားတော်မူခဲ့ပေသည်။

ဣဿာနည်းတူ မစ္ဆရိယတရားဆိုးမှာလည်း ဝန်တိုစေးနဲခြင်းသဘောလက္ခဏာရှိသည်။ မိမိမှာ ပြည့်စုံနေသည့် ပစ္စည်းဥစ္စာအသုံးအဆောင်များကို သူတစ်ပါးမှာမပြည့်စုံစေချင်၊ မိမိသုံးစွဲနေသည့် ပစ္စည်းကို သူတစ်ပါးမသုံးစွဲစေချင်၊ မိမိနှင့် ရင်းနှီးသူများကို သူတစ်ပါးနှင့် မရင်းနှီးစေချင်၊ မိမိပိုင်ပစ္စည်းဥစ္စာကို ပေးသင့်ပါလျက် သူတစ်ပါးအား ပေးကမ်းရမည်ကို မလိုလားခြင်းစသည်ဖြင့် မိမိပိုင်ဆိုင်သည့် သက်ရှိသက်မဲ့ ချစ်ခင်မြတ်နိုးဖွယ်ဟူသမျှကို သူတစ်ပါးနှင့်မနီးစပ် မပိုင်ဆိုင်စေချင်သည် ဝန်တိုခြင်းမစ္ဆရိယပင်ဖြစ်သည်။

စာပေကျမ်းဂန်များတွင် ဝန်တိုခြင်း မစ္ဆရိယနှင့်စပ်၍ ငါးမျိုးရှိကြောင်း မှတ်သားဖူးသည်။

(၁) အာဝါသမစ္ဆရိယ - နေရာနှင့်စပ်ပြီး ဝန်တိုခြင်း၊

(၂) ကုလမစ္ဆရိယ - ချစ်ခင်ရင်းနှီးသူများနှင့်စပ်ပြီး ဝန်တိုခြင်း၊

(၃) လာဘမစ္ဆရိယ - လာဘ်လာဘ စီးပွားဥစ္စာနှင့်စပ်ပြီး ဝန်တိုခြင်း၊

(၄) ဝဏ္ဏမစ္ဆရိယ - ချီးမွမ်းဖွယ်ဂုဏ်နှင့်စပ်ပြီး ဝန်တိုခြင်း၊

(၅) ဓမ္မမစ္ဆရိယ - တတ်သိသည့်စာပေပညာနှင့်စပ်ပြီး ဝန်တိုခြင်းဟူ၍ဖြစ်သည်။

ဝန်မတိုသင့်ရာ၌ ဝန်တိုသောသူသည် မျက်မှောက်ဘဝမှာပင် စိတ်ဆင်းရဲရ၊ မိတ်ဆွေသင်္ဂဟ၊ လာဘ်လာဘနည်းပါးရတတ်ရုံမက သံသရာတစ်လျှောက်လုံးတွင်လည်း အတိဒုက္ခရောက်တတ်လေသည်။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်ကာလက သူတော်ကောင်းရဟန်းအား အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယဖြင့် လာဘ်မရရှိစေရန် ပြုမိလေသောကြောင့် သံသရာတစ်လျှောက် အတိဒုက္ခရောက်ခဲ့ရသည့် လောသကတိဿဝတ္ထုတော်အရ ဝန်တိုမှုသည်လည်း အလွန်ကြောက်စရာကောင်းလှသောတရားဆိုးဖြစ်ပေသည်။ ဝန်တိုမှုမစ္ဆရိယကို ပယ်၍ဖော်ဖော်ရွေရွေဆက်ဆံမှု၊ ပေးကမ်းမှုများကို စွမ်းနိုင်သမျှပွားနိုင်စေရန် သတိပြုကြရပေမည်။

ဣဿာ၊ မစ္ဆရိယနှင့်ပတ်သက်၍ မြတ်စွာဘုရားရှင်က သက္ကပဉှသုတ်တွင် နတ်၊ လူ စသော ကာမဘုံသားများသည် အေးမြချမ်းသာစွာနေလိုကြပါလျက် မချမ်းသာဘဲဆင်းရဲမှုများနှင့်တွေ့ဆုံနေကြရခြင်းသည် ဣဿာနှင့် မစ္ဆရိယကြောင့်ပင်ဟူ၍ သိကြားမင်း၏အမေးကို ပြန်လည်ရှင်းလင်း ဖြေကြားတော်မူခဲ့ပါသည်။

တစ်ဖန် ဣဿာနှင့်မစ္ဆရိယကို ပယ်ဖို့ရာအကြောင်းနှင့်ပတ်သက်၍ မေးလျှောက်မှုကို မြတ်စွာဘုရားရှင်က **“ဣဿာမစ္ဆရိယံ၊ မနာလိုဝန်တိုခြင်းသည် ချစ်အပ်သောအာရုံပုဂ္ဂိုလ်, မုန်းအပ်သောအာရုံပုဂ္ဂိုလ်လျှင် အကြောင်းရှိ၏၊ ချစ်အပ် မုန်းအပ်သောအာရုံကြောင့်, ပုဂ္ဂိုလ်ကြောင့်ဖြစ်၏၊ ချစ်အပ်မုန်းအပ်သောအာရုံနှင့် ပုဂ္ဂိုလ်ရှိလျှင်၊ မနာလိုခြင်းဝန်တိုခြင်းသည်ဖြစ်၏။ ချစ်အပ် မုန်းအပ်သောအာရုံနှင့် ပုဂ္ဂိုလ်မရှိလျှင်၊ မနာလိုခြင်း ဝန်တိုခြင်းမဖြစ်ပေ”**ဟူ၍ ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။ အတိုချုပ်အားဖြင့် မနာလိုခြင်း၊ ဝန်တိုခြင်းသည် ချစ်စရာနှင့် မုန်းစရာကြောင့်ဖြစ်သည်၊ မရှိလျှင် မဖြစ်ဟု ဆိုလိုခြင်းဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးက သက္ကပဉှသုတ်တရားတော်တွင် **“အဲဒီဣဿာနဲ့ မစ္ဆရိယဟာ မုန်းတဲ့သူနဲ့ချစ်စရာတွေကို မှီပြီးဖြစ်တာပဲ၊ မုန်းတဲ့သူမဟုတ်လျှင် မနာလိုမှုဖြစ်ဖွယ်မရှိဘူး၊ ချစ်မြတ်နိုးတဲ့ ပစ္စည်းဥစ္စာတို့၊ ချစ်မြတ်နိုးတဲ့မိမိအခြွေအရံတို့ မရှိလျှင်လည်း ဝန်တိုမှုဖြစ်ဖွယ်မရှိဘူး၊ ဒါကြောင့် မနာလိုမှု ဝန်တိုမှုမဖြစ်စေချင်လျှင် ချစ်မြတ်နိုးတတ်တဲ့ရာဂနဲ့ မုန်းတတ်တဲ့ဒေါသကို ပယ်ဖို့ပါပဲ၊ ကိုယ်တွင်းကိုယ်ပ ဘယ်အရာကိုမှ ချစ်လည်း မချစ်ဘူး၊ ဘယ်သူကိုမှ မုန်းလည်းမမုန်းဘူးဆိုရင်တော့ မနာလိုမှု ဝန်တိုမှုဟာ လုံးဝကင်းငြိမ်းသွားမှာ သေချာပါတယ်။**

**မုန်းတတ်တဲ့ဒေါသကို မပယ်နိုင်ရင်တော့ မုန်းအပ်တဲ့သူရှိနေမှာပဲ၊ အဲဒီမုန်းအပ်တဲ့သူမှာ ချစ်ဖွယ်ပစ္စည်းဥစ္စာ အသုံးအဆောင်တွေ၊ ချစ်ဖွယ်အခြွေအရံတွေ မပြည့်စုံစေချင်တဲ့ မနာလိုမှုလည်း မုန်းတတ်သူမှာဖြစ်မှာပဲ၊ အဲဒီမုန်းအပ်တဲ့သူမှာ ကောင်းစားချမ်းသာတာ၊ ချီးမွမ်းဖွယ်နှင့်ပြည့်စုံတာကို မြင်ရတိုင်း ကြားရတိုင်း သိရတိုင်း မုန်းတတ်တဲ့သူမှာ မနာလိုမှုဖြစ်နေမှာပဲ၊ ချစ်တတ်တဲ့ရာဂကို မပယ်နိုင်ရင် သက်ရှိသက်မဲ့အကောင်းတွေကို ချစ်မြတ်နိုးနေမှာပဲ၊ မိမိမှာပြည့်စုံနေတဲ့ အဲဒီချစ်မြတ်နိုးဖွယ်တွေကို အခြားသူမှာ မပြည့်စုံစေချင်တဲ့ ဝန်တိုမှု၊ မနီးစပ်စေချင်တဲ့ ဝန်တိုမှုတွေလည်း ထိုက်သည် အားလျော်စွာဖြစ်နေမှာပဲ”**စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် မဟာစည်ဆရာတော်ကြီးက ဣဿာမစ္ဆရိယရှုပ်ပွေမှုကြောင့် နတ်လူအများ ဆင်းရဲနေရမှု၊ လမ်းမှန်ရမှ ချမ်းသာရမှုတို့နှင့်စပ်လျဉ်း၍ **“ကာမဘုံသား နတ်လူများတို့၊ ကောင်းစားပြည့်ဝ ဘေးရန်ပလျက်၊ အေးမြချမ်းသာ နေလိုပါလည်း၊ ဣဿာမစ္ဆေ သူရှုပ်ပွေ၍၊ ထင်ခြေမကျ ဆင်းရဲရတည့်၊ မူလဇာစ်မြစ် သူကြောင်းစစ်သော်၊ မုန်းချစ်အပ်သား အာရုံများနှင့်၊ လိုလားတစ်လီ၊ ကြံစည်တစ်တန်၊ ချဲ့ရန်မှတ်စွဲ၊ ခြေတည်လွဲ၍၊ ဆင့်ကာဆင့်ကာ ဖြစ်ရိုးပါတည့်၊ ခြောက်ဖြာဒွါရထင်သမျှကို မှတ်ကြသဖြင့်၊ မမှီသင့်ရှောင် မှီသင့်ဆောင်၍၊ မှန်အောင်ပြင်က လမ်းမှန်ရသည်၊ မုချချမ်းသာရေးပေတည်း”** ဟူ၍ မူလဆောင်ပုဒ်အဖြစ် ရေးဖွဲ့တော်မူခဲ့ပေသည်။

သို့ဖြစ်ရကား ရှေးအတီအတေ ကာလကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး စုစည်းနေထိုင်ခဲ့ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်းကြား၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့အစည်းများရှိ လုပ်ဖော်ကိုင်ဖက် အချင်းချင်းကြား တစ်ဦးအပေါ်တစ်ဦး၊ တစ်ဖွဲ့ပေါ်တစ်ဖွဲ့ မနာလိုမှု၊ ဝန်တိုမှုများမထားကြပဲ ကြီးပွားတိုးတက်မှုအပေါ် မုဒိတာတရားပွားများကြ၍ စွမ်းနိုင်သမျှ အားပေးကူညီထောက်ပံ့ကြရန် လိုအပ်ပေသည်။ တွေး၊ ကြံ၊ ပြောဆို၊ ပြုမူမှု အရာခပ်သိမ်းတိုင်း ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဗြဟ္မစိုရ်တရားထွန်းကားပြန့်ပွားပါမှ မြန်မာ့လူ့ဘောင်သည် စည်ပင်ကြီးပွားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ဌာနအကြီးအကဲ၏ အမှာအကြားအပေါ် ဆက်စပ်သုံးသပ်တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုး**

**ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ “သက္ကပဉှသုတ်တရားတော်”**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဝဲဒေါင့်ကျေးရွာ၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝဲဒေါင့်ကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာ ကွင်းအမှတ်(၁၁၆၈-ခ)၊ ဦးပိုင်အမှတ်(၁၄/ ၅) တောင်သူ ဦးမြင့်ဇော်၏ လယ် ငါးဧကရှိ သစ်စိမ်းမြေဩဇာ( ပိုက်ဆံလျှော်) အား ထယ်ထိုးထည့်သွင်းခြင်းကို ကြည့်ရှုအားပေးကြသည်။

ရဲကိုမောင်(ပြန်/ဆက်)



## အခြေခံပညာဦးစီးဌာန ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရွှေဘို မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ရွှေဘိုမြို့နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့နှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ပုသိမ်မြို့နယ်၌ အထွက်တိုးGW-11 မျိုးစပါးများပေးအပ်

ပုသိမ် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးမွေးမြူရေး ကြီးကြပ်မှုအဖွဲ့နှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ နိုင်ငံ့



စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးကြမည့် သမဝါယမအသင်းသားတောင်သူများအား အထွက်တိုး GW-11 မျိုးစပါးများပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမအသင်းစု မျိုးစပါးအရောင်းဆိုင်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇေယျာမင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းလွင်ဦးက GW-11 စပါးနှင့်ပတ်သက်၍ နည်းပညာများ၊ အထွက်တိုးရေးနှင့်ဆက်နွှယ်၍ မျိုးမြေရေနည်း စသည့် နည်းပညာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အထွက်တိုး GW-11 မျိုး စပါးများကို တာဝန်ရှိသူများက ပုသိမ်မြို့နယ်အတွင်းရှိ သမဝါယမ အသင်းနှစ်သင်းမှ အသင်းသားတောင်သူ ၇၆ ဦးထံသို့ လက်ဝယ် အရောက်ပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သစ်တောသစ်ပင် တို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး။**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG A3 (297 x 420 mm) with the correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15Mb ထက် မပိုစေရ။ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း) နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil ၊ Felt-tip Pen၊ Crayons ၊ Paints ၊ Sketch Markers ၊ Sepia ၊ Sanguine ၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါ အချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပါ အချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာ အသုံးပြု၍ ယှဉ်ပြိုင်ခြင်း မပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” Talk Show ကျင်းပ

**မော်လမြိုင် မေ ၂၉**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” အသိပညာပေး ဆွေးနွေးပွဲ Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က “ကမ္ဘာတစ်ဝန်းပလတ်စတစ် ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” Talk Show ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သွဲ့သွဲ့စံက ကမ္ဘာနှင့်တစ်ဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များနှင့် လက်တွေ့ဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေးနှင့် ပလတ်စတစ်၏ သဘောသဘာဝများ၊ ပလတ်စတစ် သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ ဖြေရှင်းရမည့် နည်းလမ်းများ၊ ပလတ်စတစ် ညစ်ညမ်းမှု အဆုံးသတ်ရေးကိစ္စနှင့် ပတ်သက်၍ အကြံပြုချက်များ အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျောင်းကျန်းမာရေးကော်မတီ ညှိနှိုင်းစည်းဝေး

**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျောင်းကျန်းမာရေး ကော်မတီညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးမြင့်သူက ကျောင်းအခြေပြုကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှ ပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝ ဟန်များ ရောက်ရှိရေးလုပ်ငန်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်းစသည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ကျောင်းကျန်းမာရေး ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကျောင်းကျန်းမာရေး တာဝန်ခံ ဆရာဝန်၊ သွားဆရာဝန်တို့က ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့မှုများအပေါ် အစည်းအဝေးသို့ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥစားကြက်မွေးမြူ

**ညောင်တုန်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မြို့နယ်လုပ်ငန်းကော်မတီနှင့် တန်ဖိုးဖြတ်အဖွဲ့များက စီမံကိန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းနိုင်၏ ခြံသို့ မေ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်တောင်ပိုင်းခရိုင် GEC လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းလီမိတက်၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါ ရန်ကုန်တောင်ပိုင်းခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းလီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ သဘာပတိ ဦးတင့်ဝေဦးက အမှာစကား ပြောကြားသည်။

ထို့နောက် သဘာပတိ ဦးတင့်ဝေဦးနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်တို့တွင် တက်ရောက် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ပစ္စည်း၊ ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သက်ခိုင်(သန်လျင်)**

## သမဝါယမအသင်းသား တောင်သူများသို့ အထွက်တိုးမျိုးစပါးများပေးအပ်



**သုံးခွ မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ မြို့နယ် သမဝါယမ အသင်းစုရုံး၌ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများသို့ အထွက်တိုးမျိုးစပါးများ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက်က အဆိုပါရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အေးက ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စိုက်နည်းမှန်ကန်မှု ရှိစေရေး ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူနှင့် အသင်းစုဥက္ကဋ္ဌတို့က အထွက်တိုးမျိုးစပါးများကို တောင်သူများအား ပေးအပ်သည်။

သုံးခွမြို့နယ်၌ သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့်အသင်း ၁၁ သင်းရှိပြီး အသင်းသား ၃၅၈ဦး၏ လယ်ဧက ၃၀၅၀ အနက် မိုးစပါးစိုက် တောင်သူများထံ အထွက်တိုးစပါးမျိုးပေးအပ်ခြင်းဖြစ်သည်။

**စည်သူလင်း(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ အထွက်တိုးမျိုးစပါးများ အသင်းသားတောင်သူများထံ ပေးအပ်

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ သမဝါယမဦးစီးဌာနနှင့်မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အထွက်တိုးမျိုးစပါးများကို အသင်းသားတောင်သူများထံ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်က သမဝါယမဦးစီးဌာန ရုံးခန်း၌ ကျင်းပသည်။

ဦးစွာ သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွေနွေအောင်က အမှာစကားပြောကြားပြီး မျိုးကောင်းမျိုးသန့် စပါးများကို အသင်းသားတောင်သူများထံ ပေးအပ်ဖြန့်ဖြူးခြင်းကို သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေနွေအောင်နှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ခုနစ်သင်းရှိ တောင်သူများထံ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**ဝင်းဇော်(မှော်ဘီ)**



## ကော့မှူးမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သင်တန်းပို့ချ

**ကော့မှူး မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်း ဆောင်ရွက်သော သမဝါယမအသင်းသား တောင်သူများအား စိုက်ပျိုးရေးနည်းပညာပို့ချခြင်းသင်တန်းကို ယမန်နေ့ နံနက်က ထန်းတပင်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စုစုထွေးက သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသက်နိုင်က စိုက်ပျိုးရေးနည်းပညာဆိုင်ရာများနှင့် စပါးအထွက်ကောင်းသည့် မျိုးစပါး ပြောင်းလဲစိုက်ပျိုးကြရန် ရှင်းလင်းဆွေးနွေးပို့ချခဲ့ပြီး အသင်းသား တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ဇလွန်မြို့နယ်၌ ငါးမျိုးမသုဉ်းစေရေးအတွက် ငါးမျိုးစိုက်ထည့်

**ဇလွန် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို မေ ၂၇ ရက်က ဧရာဝတီမြစ်ကမ်းဘေး (ကျီးပင်ဆိပ်)၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် တစ်သိန်းနှင့် ငါးခုံးမ သားပေါက် နှစ်သောင်း စုစုပေါင်း ကောင်ရေ ၁၂၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်သြဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဇမဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆)ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ဇေယျဝတီကျောင်းတိုက်၊ တိုက်အုပ်၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဇမဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ မေ ၂၉ ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပန အခမ်းအနားကို ဇွန် ၂ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိဆရာတော် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ဇေယျဝတီကျောင်းတိုက်၊ တိုက်အုပ်၊ ဘဒ္ဒန္တသူရိယ (အဘိဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ တလိုင်းတောင်ကျေးရွာ၊ ခမည်းတော် ဦးဘဦး + မယ်တော် ဒေါ်နှင်းရုံ တို့မှ ၁၂၉၂ ခုနှစ်၊ ဝါခေါင်လဆန်း (၁) ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်၊ ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမန (ဆဋ္ဌဂဏ ဝိမုတ်ကူးတို့ဂိုဏ်းချုပ်)ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁) ရက်နေ့တွင် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ အရှေ့ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းဆရာတော်၊ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက်ဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်ဆရာတော်၊ မန္တလေး၊ အနောက်ပြင်၊ တောင်သမန်တိုက်၊ မဟာမြိုင်ကျောင်းဆရာတော်၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ့သိပ္ပံကျောင်းဆရာတော် စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ထားဝယ်မြို့၊ ဇေယျဝတီစာသင်တိုက်၌ ၁၃၁၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်အထိ စာချသက်တမ်း ၇၁ နှစ်တိုင် စာသင်သားရဟန်းသာမဏေတို့အား နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခြင်း၊ တောင်ပွားဆရာတော်၏ အလုပ်ပေးတရား၊ ဇေယျဝတီရှင်ကျင့်ဝတ်နှင့် လူကျင့်ဝတ်၊ ဇေယျဝတီစိန်ရတုသဘင် အထိမ်းအမှတ်စာစောင်၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း စည်းမျဉ်းဥပဒေစာတမ်း၊ ဇေယျဝတီဝိပဿနာဘာဝနာကျမ်း၊ ဥပမာပေါင်းစုံ တရားရိပ်မြုံကျမ်းစာတို့ကို ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ တိုင်း/မြို့နယ် ဝိနည်းဓိုရ်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၄ ခုနှစ်တွင် **"အဘိဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၆) ဝါအရ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၃)ရက်၊ ၂၉-၅-၂၀၂၅ ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမ စျာပန အခမ်းအနားကို ၂-၆-၂၀၂၅ ရက်၊ တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ




**လက်ပံတန်း မေ ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းမြိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူများအတွက် ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ပြည့်ဖြိုးအောင်က လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**အောင်ဆင့်**

**ပန်းတနော် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက အထက (၁) မြတ်ပညာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေမြေးတို့က အမှာစကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံနှင့် ကျောင်းဝတ်စုံများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





**ကွမ်းခြံကုန်း မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက အထက (၂) ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးရဲတင့်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသော ပုံနှိပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# သာယာဝတီမြို့နယ်၌ အထွက်တိုး(အောင်နိုင်တိုး) မျိုးစပါးနှင့် သွင်းအားစုများပေးအပ်

**သာယာဝတီ မေ ၂၉**

သာယာဝတီမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း ဆောင်ရွက်ကြမည့် သမဝါယမအသင်းသား တောင်သူများအား အထွက်တိုး(အောင်နိုင်တိုး)မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုက မိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းပညာများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဆောင်ရွက်ကြမည့် သမဝါယမအသင်း ငါးသင်းမှ အသင်းသားတောင်သူ ၂၃၁ ဦး စီမံကိန်းဧက ၂၀၀၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန တာဝန်ရှိသူများက အထွက်တိုး (အောင်နိုင်တိုး) မျိုးစပါးနှင့် သွင်းအားစုများအား အသင်းသားများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**




## ဖခင်အမည်မှန်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အထက(ခွဲ) ကျောက်နီ Grade-12 မှ မဝတ်ရည်နှင်းနှင့် Grade-7မှ မချစ်ချောငယ်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ပြည့်ဖြိုး ၁၃/ညရန(နိုင်)၀၈၂၁၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(လက်ပံတံခါး) Grade-11မှ မမြတ်သော်တာလင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင် ၈/မလန(နိုင်)၀၁၇၇၀၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၂၃၀)ဟုခေါ်တွင်သော အလျား x အနံ (၄၀x၆၀)ပေအကျယ်ရှိ ဦးဇော်ညွှန့် အမည်ပေါက် (ပါမစ်)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမျိုးသက် ၈/ခမန(နိုင်)၁၃၄၉၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲထွန်း ၁၄/အမန(ပြု)၀၀၀၀၇၁က ပြန်လည်ဝယ်ယူရန်အတွက် ၄င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့် တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L) (စဉ်-၁၄၆၆၈)**

**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B) (စဉ်-၁၈၇၂၆)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ်(၄၆၆)၊ ဧရိယာ(၀ဒသမ၀၁၆) ဧကရှိ ဦးမောင်သိန်း(ပါ)၂ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား မောင်ဖွဲ့ထက်နိုင်(ကိုယ်စား)ဖခင်ဖြစ်သူ ဦးဇော်မြင့်နိုင် ၉/ပမန(နိုင်) ၁၂၂၅၄၈မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၁၀၇/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၃၊ ဦးပိုင်အမှတ် ၂၈/၅၀x၅၁လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကြီးညို ၅/ဒပယ(နိုင်) ၀၀၉၂၄၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ တော်ဝင်မိသားစုကုမ္ပဏီ၏ မုဒိတာတန်ဖိုးနည်းအိမ်ရာ(၂)၊ အခန်းအမှတ်(2A-373)ကို ဦးမြသောင်း (ဘ) ဦးသန်း၈/မထန(နိုင်)၀၀၉၃၈၈(YGN-၀၃၀၇၅၅)သည်(၂၀-၃-၂၀၁၄)ရက်တွင် ဝယ်ယူခဲ့ပါသည်။ အဆိုပါအိမ်ရာကို ဝယ်ယူခဲ့သူ ဦးမြသောင်းသည် (၁၉-၁၂-၂၀၂၂)ရက်တွင်လည်းကောင်း ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်သိန်းရီ (ဘ)ဦးဘထူး ၈/မထန(နိုင်)၀၀၉၃၈၆သည်လည်း (၂၉-၈-၂၀၂၀) ရက်တွင်လည်းကောင်းအသီးသီး ကွယ်လွန်အနိစ္စရောက်ခဲ့ကြပါသည်။ ၎င်းတို့ နှစ်ဦးတွင် (၁)ဦးဇော်မင်းထိုက် ၈/မထန(နိုင်) ၀၉၄၉၀၉ (၂) ဦးထင်လင်းထူး ၈/မထန(နိုင်)၀၉၈၆၀၅ (၃) ဦးကျော်ဖြိုးဝေ ၈/မထန(နိုင်)၀၉၈၂၇၅ဟူ၍ သား(၃)ဦး ထွန်းကားခဲ့ပါသည်။

အဆိုပါ သား(၃)ဦးအနက်မှ သားကြီးဖြစ်သူ ဦးဇော်မင်းထိုက်သည် (၂၅-၁-၂၀၀၇) ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ အထက်ဖော်ပြပါ အိမ်ရာသည် ယခုအချိန်ထိ အခြားသူ တစ်ဦးတစ်ယောက်အား ရောင်းချ/ပေါင်နှံ/ပေးကမ်း/လှူဒါန်းထားခြင်းစသည့် အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိပါ။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ရာသည် ကျန်ဒုတိယသားဖြစ်သူ ဦးထင်လင်းထူးနှင့် တတိယသားဖြစ်သူ ဦးကျော်ဖြိုးဝေ တို့ညီအစ်ကို (၂)ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသည့်အားလျော်စွာ ယခုအခါ တတိယသားဖြစ်သူ ဦးကျော်ဖြိုးဝေသည် ၎င်းအစ်ကိုဖြစ်သူ ဦးထင်လင်းထူးအမည်ဖြင့် အထက်ဖော်ပြပါ အိမ်ရာအား အမည်လွှဲပြောင်းမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ရာအား တော်ဝင်မိသားစု ဆောက်လုပ်ရေး ကုမ္ပဏီတွင် အထက်ဖော်ပြပါ အမည်ပြောင်းမှုကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကျွန်ုပ်နှင့် တော်ဝင်မိသားစု ဆောက်လုပ်ရေး ကုမ္ပဏီသို့ ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအမည်ပြောင်းမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းမြင့် (LL.B,WIPO(Switzerland))**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**

**အမှတ်(၄၃)၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၀ လမ်းနှင့် ၆၉(ဘီ) လမ်းထောင့်နေ၊ ဒေါ်အေးသီရိဝင်း (ဘ) ဦးငွေးဝင်း ၁/မညန(နိုင်) ၁၄၄၃၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ **"Chuuuu" LUXURY HOUSE** ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီရိဝင်းသည် ဖော်ပြပါ **"Chuuuu" LUXURY HOUSE** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုအပ်သလို **"အိတ်၊ နာရီ၊ ရေမွှေးအစရှိသော Brand ပစ္စည်းအမျိုးမျိုး"**တို့ကို တင်သွင်းဖြန့်ချိရောင်းချရေးလုပ်ငန်းများတွင် အသုံးပြု၍ ဆိုင်ခွဲများ ထပ်မံဖွင့်လှစ်တိုးချဲ့လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်အတွက် မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် စာချုပ်မှတ်ပုံတင်အမှတ် (၇၅၅/၂၀၂၅) အရ မှတ်ပုံတင်သွင်းမြွက်ဟကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရလည်း မူပိုင်ခွင့်ဦးစီးဌာန၏ WIPO Filling System တွင်လည်း အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ပါသည်။

ဖော်ပြပါ အမည်နှင့် အမှတ်တံဆိပ်ပါလုပ်ငန်းကို ဒေါ်အေးသီရိဝင်းမှ ၂၀၂၂ ခုနှစ်ကတည်းက စတင်၍ တီထွင်ဖန်တီးအသုံးပြု၍ ဈေးကွက်များ အတွင်း တင်သွင်းဖြန့်ချိရောင်းချလျက်ရှိရာ စည်ပင်လုပ်ငန်းလိုင်စင်၊ Online Sale လိုင်စင်များပြုလုပ်၍ အဆိုပါလုပ်ငန်းအတွက် ကျသင့်အခွန်အခများ ထမ်းဆောင်ကာ လက်ရှိတွင်လည်း မန္တလေးမြို့နှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်ထားသော ဖော်ပြပါ အမှတ်တံဆိပ်အား အသုံးပြုကာ **"အိတ်၊ နာရီ၊ ရေမွှေးအစရှိသော Brand ပစ္စည်းအမျိုးမျိုး"** တို့ကို တင်သွင်းဖြန့်ချိရောင်းချရေး လုပ်ငန်းများ၏ ထုတ်ပိုးမှုပုံစံများပေါ်တွင်ဖြစ်စေ၊ အတွင်း၌ဖြစ်စေ၊ Social Media များ၊ ဆိုင်းဘုတ်၊ Website၊ ရုံးသုံးစာရွက်စာတမ်းများ၊ ငွေရပြေစာ ဖြတ်ပိုင်းများ အစရှိသည်တို့တွင် ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနေသည့် ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း မူပိုင်ဖြစ်သော **"Chuuuu" LUXURY HOUSE** ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပ သုံးစွဲခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ **"Chuuuu" LUXURY HOUSE** ဟူသော အမှတ်အသား၏ အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ အနောက်မှလည်းကောင်း၊ တစ်စုံတစ်ရာစာတမ်းများ ဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်းမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကုန်အမှတ်တံဆိပ်အား တုပသုံးစွဲဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးသီရိဝင်း** | **ဒေါ်နှင်းစုလှိုင် (LL.B)** |
| **၁/မညန(နိုင်)၁၄၄၃၆၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၉၀၀၅/၂၂-၁၂-၂၀၂၃)** |
| | **အမှတ်(စ-၁/၈၇-ခ)၊ ၆၇(အေ)လမ်းနှင့် ၁၀၇(ဒီ)လမ်းထောင့်၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၇၉၈၆၁၄၉၄၈** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၁၆)၊ ဦးပိုင်အမှတ် (၆၇)၊ ၆၂x၆၃ လမ်းကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းအေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၇၅/၂၀၀၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နွယ်မြင့် ၉/မနမ(နိုင်) ၀၀၇၀၅၁)က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံး ဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဂရန်အမှုတွဲအမှတ် ၁၇၅၂/၁၉၉၀-၁၉၉၁အရ ထုတ်ပေးခဲ့သည့် ဦးမြဆွေ အမည်ပေါက် တောဂရန်စာချုပ်မူရင်းနှင့် ဂရန်စာချုပ်နံပါတ် ၀၅၁၉၊ ၂၀၀၁-၂၀၀၂အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ်(၁၂၇)၊ ၆၇x၆၈လမ်းကြား၊ ဇော်ဂျီနှင့်ကုသိုလ်တော်လမ်းကြားရှိ ဦးသာခင် အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဦးချစ်သောင်းက တရားပြိုင် ဦးသာခင်(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးအောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊တရားမကြီးမှုအမှတ်(၁၇၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးချစ်သောင်း ၉/အမရ(နိုင်) ၀၉၈၇၁၆ က တောဂရန်စာချုပ် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/63174 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင် ၇/မမန(နိုင်)၀၅၅၅၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/8504 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မင်းထွန်း ၇/အတန(နိုင်)၁၂၉၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/68532, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၄/ဟသတ(နိုင်)၀၅၄၀၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ကန်တောင်ကျေးရွာ၊ ပညာပျိုးခင်းကိုယ်ပိုင်အထက် တန်းကျောင်း Grade-12 မှ မသိန်းစု၏ ဖခင်အမည်မှန်မှာ ဦးခွန်ကျော် ၁၃/တကန(နိုင်) ၁၆၅၇၅၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက (လုံကား) Grade-8မှ နန်းချိုလာ၏ ဖခင်အမည်မှန်မှာ ခွန်ထွန်းအောင် ၁၃/တကန(နိုင်) ၂၂၃၇၉၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6Q/3108, Hyundai ယာဉ်လက်ဝယ်ရှိသူ Nangwoo Seed Myanmar Co.Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)**

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အထက (၄)၊ Grade-2 မှ မယွန်းဝဏ္ဏအိမ်၏ မွေးသက္ကရာဇ် အမှန်မှာ (၅-၉-၂၀၁၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

တာမိုးညဲမြို့၊ ရပ်ကွက် (၄)နေ ဦးရန်ကြားရှင်၏သမီး မသင်းခိုင် ၁၃/ကခန(နိုင်) ၁၂၇၂၆၄ ၏ မွေးသက္ကရာဇ် အမှန်မှာ (၁၆-၆-၂၀၀၆) ဖြစ်ပါကြောင်း။

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ် အမှတ် (၁)ဈေးပိုင်းရပ်ကွက်/ကျေးရွာအုပ်စု၊ မင်းလမ်း/ရွာရှိ ကွင်းအမှတ် ၂၊ ကွင်းအမည် ဈေးပိုင်း၊ ဦးပိုင်အမှတ် ၁၀၇ᵃ၊ မြေကွက်အမှတ်၊ ဧရိယာ (၀.၀၅၅၂)ဧကအား ဒေါ်အိဖြူဇင် အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေအလားလေးရပ်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| အရှေ့လားသော် | လမ်းကြား |
| အနောက်လားသော် | မင်းလမ်း |
| တောင်လားသော် | လမ်းကြား |
| မြောက်လားသော် | ဦးပိုင်အမှတ် (၁၀၇)ᵏ |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ပတ်စ်ပို့ပျောက်

ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့၊ ရပ်ကွက်(၆)နေ (ဘ)ဦးရန်ရင့်ခေါ်န်၏သမီး မမေသစ္စာ(ခ) ရန်တုန်းလီ (မွေးစာရင်း)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-960162)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၂၅၀၁၀၆၅၆၇**

## ပတ်စ်ပို့ပျောက်

ကွတ်ခိုင်မြို့နယ်၊ တာမိုးညဲမြို့၊ ရပ်ကွက်(၆)နေ (ဘ) ဦးရန်ရင့်ခေါ်န်၏သား မောင်ထက်မြတ်အောင် (မွေးစာရင်း)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-959114)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၁၀၆၅၆၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သောင်ကြီးခွင်တောင်ပိုင်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်( ၃/၄)၊ မြေအကျယ်အဝန်း (၆၀ပေx ၅၈ပေ)၊ မြေကွက်အမှတ်(၃၈၂)၊ တစ်ထပ်လုံးချင်းအိမ်အမှတ် (၉/၁၀)ကို မေဖလားဝါးထရေးဒင်းကုမ္ပဏီမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်စိုး (၁၂/ကမတ(နိုင်)၀၁၈၃၉၁)သည်ဒေါ်ခွန်းဆင့်လွှာ (၁၂/မရက(နိုင်)၁၄၁၄၃၄)ထံသို့ ရောင်းချပြီးဖြစ်ပါ၍ ဒေါ်ခွန်းဆင့်လွှာအမည်ဖြင့် ဂရန်လျှောက်ထားရန် ကုမ္ပဏီထံသို့ တင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မေဖလားဝါး ထရေးဒင်းကုမ္ပဏီ ရုံးခန်းသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါတစ်ထပ်လုံးချင်းအိမ်အား ဒေါ်ခွန်းဆင့်လွှာ အမည်ဖြင့် ဂရန်လျှောက်ထားခြင်းကိစ္စကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာစိုး (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၅၃)၊**

**ဒေါ်လှလှသွယ် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၈၅၄၈)**

**မေဖလားဝါးထရေးဒင်းကုမ္ပဏီရုံးခန်း၊ အမှတ်-၁/ဘီ၊ အခန်း-၃၀၄၊ ရတနာအိမ်ရာ၊ ဇမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၃၅၃၇၆၈၊ ၀၉-၄၂၁၁၆၆၂၄၉၊ ၀၁-၈၆၆၆၈၃၊ ၀၁-၈၆၅၀၄၃၆**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၅/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 47(LPT) /MPE–MBU/2025–2026 | Turbine Oil T–32 for Process Gas Turbine | 20 Drums |
| ၂။ | 48(LPT)/MPE– CHK / 2025–2026 | ဖယောင်းကုန်ကြမ်းနှင့် ဖယောင်းမာဆေး | 3.5Tons/ 100 Kg |
| ၃။ | 1R(LPT)MPE–F4/2025–2026 | Transmission Shaft with Coupling for Cooling Tower | 2 Sets. |
| ၄။ | 4R(LPT) /MPE–F4/2025–2026 | Spare Parts for Process Air Compressor (K–1301) | 1 Lot. |
| ၅။ | 7R(LPT)/MPE–TLN/2025–2026 | Spare Parts for CFR Engine (Fuel Research Unit) Major Internal Apparatus | 1 Lot. |
| ၆။ | 9R(LPT) /MPE– Mann / 2025–2026 | Cooling Tower Fan Blade | 6 Nos. |
| ၇။ | 12R(LPT) /MPE– Mann/ 2025–2026 | Tube Bundle for HE – 507 (Debutanizer Feed / BTM Exchanger) | 1 No. |
| ၈။ | 14R(LPT) /MPE– MBU /2025–2026 | Power Supply Cable for Raw Water Pump Motor | 1 Lot. |
| ၉။ | အဆိုပြုလွှာအမှတ်–10/MPE– F4 / 2025–2026 | SIPART PS2 Hart Positioner (Double Action) for(HV–1801, 1802, 1803 Control Valve) | 3 Nos. |
| ၁၀။ | အဆိုပြုလွှာအမှတ်–11/MPE– F4 / 2025–2026 | SIPART PS2 Hart Positioner (Double Action) for (HV–1804, 1805, 1810 Control Valve) | 3 Nos. |
| ၁၁။ | အဆိုပြုလွှာအမှတ်–12/MPE– F4 / 2025–2026 | SIPART PS2 Hart Positioner (Single Action) for(Startup Boiler HV–4003, PV–4003) | 3 Nos. |
| ၁၂။ | အဆိုပြုလွှာအမှတ်–13/MPE– F4 / 2025–2026 | SIPART PS2 Hart Positioner (Single Action)for (HV–3761 B, Reactor Pressure Control Valve HV–3105, 3103) | 3 Nos. |
| ၁၃။ | အဆိုပြုလွှာအမှတ်–14/MPE– F4 / 2025–2026 | Level Transmitter (LT–3301) | 1 No. |
| ၁၄။ | အဆိုပြုလွှာအမှတ်–15/MPE– F4 / 2025–2026 | Level Transmitter (LT–3204) | 1 No. |
| ၁၅။ | အဆိုပြုလွှာအမှတ်–16/MPE– F4 / 2025–2026 | Level Transmitter (LT–3503) | 1 No. |
| ၁၆။ | အဆိုပြုလွှာအမှတ်–17/MPE– F4 / 2025–2026 | Level Transmitter(LT–3504) | 1 No. |
| ၁၇။ | အဆိုပြုလွှာအမှတ်–18/MPE– F4 / 2025–2026 | $CO_2$ Compressor ၏ New Crank Shaft and Crank Case တပ်ဆင်ခြင်းလုပ်ငန်း | 1 Lot. |
| ၁၈။ | အဆိုပြုလွှာအမှတ်–19/MPE– F4 / 2025–2026 | $CO_2$ Compressor ၏ New Crank Shaft and Crank Case တွင် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းနှင့် Test Run လုပ်ငန်း | 1 Lot. |
| ၁၉။ | အဆိုပြုလွှာအမှတ်–20/MPE– F5 / 2025–2026 | Microflex Level Transmitter | 2 Nos. |
| ၂၀။ | အဆိုပြုလွှာအမှတ်–21/MPE– F5 / 2025–2026 | DP HARP Transmitter (PT–1340) | 1 No. |
| ၂၁။ | အဆိုပြုလွှာအမှတ်–22/MPE– F5 / 2025–2026 | Positioner for HP Synthesis Section | 3 Nos. |
| ၂၂။ | အဆိုပြုလွှာအမှတ်–23/MPE– F5 / 2025–2026 | Positioner for PA Compressor | 2 Nos. |
| ၂၃။ | အဆိုပြုလွှာအမှတ်–24/MPE– F5 / 2025–2026 | Positioner for Primary Reformer | 4 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၃၀.၅.၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး) ၊ ဘဏ္ဍာရေးဌာန (နေပြည်တော်) တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်သည့်နေ့များတွင် (၁၁:၀၀)နာရီ မှ (၁၂: ၀၀) နာရီအတွင်း စီမံရေးဌာန ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်) သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်-

(က) အမှတ်စဉ် (၁) တင်ဒါ
(ခ) အမှတ်စဉ် (၉) မှ အမှတ်စဉ် (၂၃) ထိ အဆိုပြုလွှာ } ၂၀ .၆ .၂၀၂၅
(ခ) အမှတ်စဉ် (၂) မှ အမှတ်စဉ် (၈) ထိ တင်ဒါ/အဆိုပြုလွှာ ၁၃.၆.၂၀၂၅

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၈၆၃၁၄၅၉၈၈,၀၉-၄၂၀၂၄၁၄၅၃, ၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ်-၇၉၉ဟုခေါ်တွင်သော (အလျား ၁၈ ပေ ၃ လက်မ x အနံ ၇၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပြီး အခြားသူတစ်ဦး တစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်းနှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အစိုးရဌာန တစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစားအမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတို့သာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူများဖြစ်ကြသည့် ဦးစန်းလွင် (၁၂/သဃက(နိုင်)၀၆၆၃၅၈)နှင့် ဦးခင်မြင့် (၁၂/သဃက(နိုင်)၁၅၁၇၄၄)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်မြတ်သီတာအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)**
**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၀၀၂၁၇၇၂၊ ၀၉-၇၉၉၂၅၈၂၀၂**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ နောင်မွန်ကျေးရွာ အုပ်စုနေ ဦးလောက်ချီ၏သမီး မလော်ဆင်းကျွင် ၁၃/လရန(နိုင်) ၁၈၈၉၇၁၏ နိုင်ငံကူးလက်မှတ် အမှတ် (MC–617994) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၄၉၉၇၃၁၆**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်နေ ဦးပန်းစိန်၏သား စိုင်းကောလိန် ၁၃/နစန(နိုင်)၀၁၇၆၁၇၏ နိုင်ငံကူး လက်မှတ် အမှတ်(MF–712454)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၃၉၅၅၃၃**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ကံကြီးရပ်ကွက်နေ ဦးဆန်ဆော၏သမီး နန်းစိန်လှ ၁၃/နစန(နိုင်)၀၁၇၆၁၅ ၏ နိုင်ငံကူး လက်မှတ် အမှတ် (MF 712455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၃၉၅၅၃၃**

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့
## မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုသည့် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၏ အောက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot အမှတ် | တည်နေရာ | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|---|---|
| ၁ | Lot–1 | မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် | စက်သုံးဆီလမ်းချဲ့ခြင်းနှင့် ထပ်ပိုးကတ္တရာခင်းခြင်း လုပ်ငန်း(၄၀၀၀'x၁၂'x၃")+ (၂x၄၀၀၀'x၂'x၉") | ၁ |

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - (၂၉-၅-၂၀၂၅)ရက် နံနက်(၉:၃၀)နာရီမှညနေ(၁၆:၃၀)နာရီထိ
**တင်ဒါလျှောက်လွှာပုံစံများ ရောင်းချခြင်း၊ ပိတ်သိမ်းမည့် နေ့ရက်/အချိန်** - (၁၁-၆-၂၀၂၅)ရက် ညနေ (၁၆:၃၀)နာရီ
**တင်ဒါအဆိုပြုလွှာများ ပြန်လည်လက်ခံမည့် နေ့ရက်/အချိန်** - (၁၆-၆-၂၀၂၅)ရက် ညနေ (၁၆:၃၀)နာရီထိ
**တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန်** - (၂၀-၆-၂၀၂၅)ရက် နံနက် (၁၀)နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဆက်သွယ်ရန် ဖုန်း-၀၆၄-၂၂၃၀၅၆၊ ၀၆၄-၂၂၃၀၆၈**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့**

## ပတ်စ်ပို့ပျောက်

ကလောမြို့နယ်၊ အောင်ပန်းမြို့နေ ဦးစိန်လှိုင်၏သား ဦးသိန်းဇော်ဦး ၈/မကန(နိုင်)၁၈၁၉၆၁၏ နိုင်ငံကူး လက်မှတ်အမှတ် (560967) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၆၂၆၅၄**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ချမ်းမြသာစည် ရပ်ကွက်နေ ဦးအောင်လွင်ဆန်း ၏သမီး မစုမြင့်မြတ်အောင် ၁၃/တကန(နိုင်)၃၁၀၀၁၀ ၏ နိုင်ငံကူး လက်မှတ် အမှတ် (MI –366067)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၄၄၀၆၆၇၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝမ်း(၁၂/ရပသ(နိုင်)၀၃၅၁၁၃)သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၆)၊ လူနေရပ်ကွက်(၂၀)၊ ပေါ်တော်မူပတ်လမ်း၊ အမှတ်(၂၀၈)၊မြေအကျယ်(၄၀x၆၀)ပေရှိခြံ မြေကွက်အားရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းအေးထံမှ(၃၀-၄-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ ခြံမြေကွက်အပြီးအပိုင်အရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေဦးတင်ဝမ်းမှလွဲ၍အခြားသူများသည် အဆိုပါခြံမြေကွက်တွင် နေထိုင်ခြင်းမရှိသလို၊ အခြားသူအားလည်း တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းထားခြင်း၊လှူဒါန်းထားခြင်း၊ပေါင်နှံထားခြင်းမရှိပါကြောင်းနှင့် ယခုအချိန်တွင် ကျွန်ုပ်မိတ်ဆွေဦးတင်ဝမ်းမှသာ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်အောင်(LLB, D.B.L, D.I.L, WIPO)**
**(စဉ်-၁၃၈၃၉)တရားလွှတ်တော်ရှေ့နေ၊ အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(မ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေရေိယာ(၀ဒသမ ၀၅၅)ဧက (လက်ရှိ မြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး(အုတ်တံတိုင်း (၃)ဖက်ခတ်အပြီးအစီး)တို့ကို ဒေါ်နန္ဒာဦး ၅/ခဥတ(နိုင်)၀၅၈၂၅၉ထံမှ ဒေါ်မီမီကြွယ် ၉/အမဇ(နိုင်) ၀၀၁၃၀၆ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မီမီကြွယ်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၉/အမဇ(နိုင်)၀၀၁၃၀၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်အေးချိုလမ်း၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (၂၃/က)၊ ဧရိယာ (၀.၁၀၂) ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ် RPNO- ၂၆၇/ V/၂၀၁၃-၂၀၁၄ အရ ဒေါ်ကြည်ကြည်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ကြည်ကြည်မြင့် (၁၂/ပဘတ(နိုင်)၀၂၀၂၇၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝီဝေကူးမား (၉/ခအဇ(နိုင်)၀၁၁၀၉၅)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ .အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B., D.B.L) (စဉ်- ၁၄၆၆၈)** **ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် (LL.B) (စဉ်- ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း -၀၉-၇၉၇၀၇၅၃၁၂**

## ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့
## မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေ လုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုသည့် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၏ အောက်ဖော်ပြပါလုပ်ငန်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားသော မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot အမှတ် | တည်နေရာ | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|---|---|
| ၁ | Lot–1 | မိတ္ထီလာမြို့ | မိတ္ထီလာမြို့ရေပေးဝေရေးအတွက် ရေစက်များ ၂၄ နာရီ မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန် အပိုင်း(၁) ခတ်အားလိုင်း အရှည် (၁၆၇၃၈)ပေ၊ အပိုင်း(၂)ခတ်အားလိုင်းအရှည် (၁၆၈၉)ပေနှင့် အပိုင်း(၃)ခတ်အားလိုင်း အရှည်(၁၄၂၅၆)ပေ လုပ်ငန်းများ | ၁ |

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - (၂၉-၅-၂၀၂၅)ရက် နံနက် (၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီထိ
**တင်ဒါလျှောက်လွှာပုံစံများ ရောင်းချခြင်း၊ ပိတ်သိမ်းမည့် နေ့ရက်/အချိန်** - (၁၁-၆- ၂၀၂၅)ရက် ညနေ(၁၆:၃၀)နာရီ
**တင်ဒါအဆိုပြုလွှာများ ပြန်လည်လက်ခံမည့် နေ့ရက်/အချိန်** - (၁၆-၆-၂၀၂၅) ရက် ညနေ (၁၆:၃၀) နာရီထိ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - (၂၀-၆-၂၀၂၅)ရက် မွန်းလွဲ(၁၄:၀၀) နာရီထိ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး

၂။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဆက်သွယ်ရန် ဖုန်း-၀၆၄-၂၂၃၀၅၆၊ ၀၆၄-၂၂၃၀၆၈**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့**

## အမည်မှန်

(ဘ)ဦးမြင့်သူမောင်၏သမီး၊ မိုင်းတုံမြို့၊ အထက (မိုင်းတုံ) Grade–2 မှ မဝေဖြိုးဦး၏ အမည်မှန်မှာ မဝင့်ရတီမောင် ဖြစ်ပါကြောင်း။

**မဝင့်ရတီမောင်**

## ဖခင်အမည်မှန်

ထားဝယ်မြို့နယ်၊ အလယ်ကုန်းရွာနေ အမက(အလယ်ကုန်း)၊ Grade–5 မှ မောင်မျိုးမြတ်ကို၏ ဖခင် ဦးကျော်မျိုးဝင်း၏ အမည်မှန်မှာ ဦးမျိုးဝင်း ၆/ထဝန(နိုင်) ၀၇၅၈၈၀ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁၀-ခ) အကွက်အမည် ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(က/၂၁/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးဆန်နီ(ခ) ဦးငွေအောင်နှင့် ဦးဘုန်းကျော်(ခ)ဦးတိုနီမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇွန်လ (၂၇) ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့။**

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-3)၊ အကွက်အမှတ် (တ-၀၂) မြေကွက်အမှတ် (၀၃၂၅) အကျယ်အဝန်း (၄၀'x၆၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၃၃၉/၂၀၂၀)အရ ဦးကိုကြီး (၁၂/တတန(နိုင်)၂၂၁၃၈၇)အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းမှအဆိုပါ မြေကွက်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် ( LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)** |
| **ဖုန်း - ၀၉-၄၃၀၉၅၃၆၇** | **အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/58758 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မျိုးအောင် ၇/ကကန(နိုင်)၀၅၀၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/52496 ယာဉ်လက်ဝယ်ရှိသူ ဦးပြေဇော်ဟိန်း ၇/သနပ(နိုင်)၁၁၇၉၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | (Lot) နံပါတ် | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ |
|---|---|---|---|
| (က) | Lot-1 | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အမှုထမ်းအိမ်ရာဝင်းအတွင်း (၁၀၂x၃၂x၃၃)ပေ (၄)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာ၊ ဆောက်လုပ်ခြင်း၊ | ထားဝယ်မြို့ |
| (ခ) | Lot-2 | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အရာထမ်းအိမ်ရာဝင်းအတွင်း (၄၀x၃၆x၂၃)ပေ (၂)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ | ထားဝယ်မြို့ |
| (ဂ) | Lot-4 | ထားဝယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနစုပေါင်းရုံးဝင်းအတွင်း (၈၀x၄၀x၃၆)ပေ (၄)ခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာနှင့် ဆိုင်ကယ်ပါကင် အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း (၁၂၅' x ၅၀')၊ | ထားဝယ်မြို့ |
| (ဃ) | Lot-5 | မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြိတ်မြို့နယ်ထွေ/အုပ်(စုပေါင်းရုံး) ဝင်းအတွင်း (၄)ခန်းတွဲ(၃)ထပ် ဝန်ထမ်း အိမ်ရာ ဆောက်လုပ်ခြင်း (၁၀၄ x ၄၀x၃၆) ပေ (Pileရိုက်ထားသော စနစ်ဖြင့် တွက်ချက်သည်) | မြိတ်မြို့ |

၂။ အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့် နေ့ရက်/အချိန်** - (၃၀-၅-၂၀၂၅)ရက် (၁၀၀၀) နာရီမှ (၁၆၀၀) နာရီထိ
(ခ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - (၁၃-၆-၂၀၂၅)ရက် (၁၆၀၀) နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန်** - (ထပ်မံအသိပေးသွားပါမည်)
(ဃ) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့် နေရာ** - တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ထားဝယ်မြို့

၃။ အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ထားဝယ်မြို့၊ ဌာနခွဲ(၁)၊ ဌာနစု(၂)၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ်၊ (ဖုန်း-၀၅၉-၂၀၂၃၅၅၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရောဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မြကျွန်းသာအိမ်ရာဝန်း၊ ဘောဂမဏ္ဍိုင်လမ်းနှင့် ချမ်းမြေ့လမ်းထောင့်ရှိ ဝဒသမ၉၉၅ကေ အကျယ်အဝင်းရှိ မြေကွက်တွင် ဆောက်လုပ်မည်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းရန် စိတ်ဝင်စားသော ကုမ္ပဏီများသည် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၁၇)၊ ဘုတာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်မြို့တွင် နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း (ရုံးပိတ်ရက်များမပါ) ဝယ်ယူနိုင်ပါသည်။

